
စိတ်ကူးချိုချိုအနုပညာ

ဦးအောင်သိမ်းမြတ်

# မြန်မာ့ရိုးရာ ဟာသ ပုံပြင်များ

အမှတ် (၃)



ဒုတိယအကြိမ်

mgyoe.com



mgyoe.com

ဦးအောင်သိမ်းမြတ်

# မြန်မာ့ရိုးရာ ဟာသပုံပြင်များ

အမှတ် (၃)

ကာတွန်းဖောင်ဖောင်အောင်၊ ၂၀၂၀

ISBN9789997130570
SPK38
9 789997 130570
2,000.00 KS

mgyoe.com

မြန်မာ့ရိုးရာဟာသပုံပြင်များ (၃)၊ ဦးအောင်သိမ်းမြတ်
မျက်နှာဖုံးသရုပ်ဖော် - ကာတွန်းမောင်မောင်အောင်
အတွင်းသရုပ်ဖော် - ဗိုသံ
စာမျက်နှာ ၂၃၇ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂၊ ဇူလိုင်၊ ဘဝတက္ကသိုလ်စာပေတိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– လူဖြစ်လိုက်၊ မျောက်ဖြစ်လိုက် ၁
– နှာခေါင်းရှည်သော ဆေး ၁၆
– မိုက်ထုံ နုံအ ၂၂
– နန္ဒိမိတ္တ လူစွမ်းကောင်း ၄၂
– ဖျင်းပါပေ့ မှင်စာကလေး ၆၃
– ဒါနှင့်ပဲ ပြီးပါရောလား ၇၁
– မြီးဆွဲ တုတ်ထိုး ၇၆
  – ပထမ မှုကွဲ ၈၃
  – ဒုတိယ မှုကွဲ ၈၅
– ပျင်းရိပုံ ပြောစမှတ် ၈၈
– ကြဲကြဲဖန်ဖန် ဉာဏ်ကြီးရှင် ၉၂
– ငါ့ဟာမှ အမှန် ၉၆
– မကြိုးကုတ်သည့် ပျိုးနုတ်သူ ၁၀၁
– မှတ်ဆိတ်မွေးထူ လူမိုက်ဟူ ၁၀၅


mgyoe.com

mgyoe.com


– စောပဲ စောနိုင်လွှန်း ၁၁၁

– ခဏလေးနော် ခဏလေး ၁၁၄

– တလင်းထဲက နို့ထမင်း ၁၁၉

– ဟိုဟာစပ်စပ်၊ သည်ဟာစပ်စပ်သမား ၁၂၃

– ထိုးကွင်းကြီးနှင့် ဆိုသဖြင့် ၁၂၉

– ထင်မိထင်ရာ ၁၃၂

– အစတုန်းကတော့ ၁၃၆

– မယားဟူသည် ရန်သူမည်သတဲ့ ၁၄၀

– ပါးစပ်ထဲမှ အသံများ ၁၄၉

– ဖြစ်ရလေ ငပေါက်ကလေး ၁၅၂

– ထူးဆန်းသော လူနှစ်ယောက် ၁၆၀

– မဟာရာဇ ကြက်တွန်သည် ၁၇၂

– မမင်းမှိန် အပျိုကြီး ၁၇၅

– ဘယ်ဟာက ဘယ်ပုံ ၁၇၈

– ညဏ် မရှိသူနှင့် ရှိသူ ၁၈၅

– မှားပုံက သိသိကလေး ၁၉၂

– နင့်ထိုက်နှင့် နင့်ကံ ၁၉၇

– သမားတော်ကြီး ဦးညာဖြီး ၂၀၁

– ယမ်းဘူးတွေ သယ်လာသူ ၂၀၉

– ကျပုံကြီးက ဝုန်းခနဲ ၂၁၂

– ငယ်သာငယ် လူလည်ကလေး ၂၁၇

– ကြောက်မက်ဖွယ် သံကိုးမောင်း ၂၂၉

■ စာပြီး အမှာ ၂၃၅


❐

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


# လူဖြစ်လိုက်၊ မျောက်ဖြစ်လိုက်

"ကယ်တော်မူပါ ဘုရား၊ ရွှေနန်းရှင် ကယ်တော်မူပါ ဘုရား"

အနောက်နန်းတစ်ခုလုံးမှာ ငိုသံတွေ ဖုံးလွှမ်းနေသည်။ မောင်းမ အချို့သည် ဘုရင်မင်းမြတ်ထံ ငိုယိုကာ ပြေးလာကြသည်။

ဘုရင်မှာ လွှတ်တော်ကာ တရားစီရင်နေခိုက် ဖြစ်သည်။

"သမီးတော် ချိုးရေတော် သုံးနေတုန်းမှာ လူစင်စစ်က မျောက်ဖြစ် သွားကြောင်းပါ ဘုရား"

ဟယ်ခနဲ၊ ဟင့်ခနဲ၊ ဟာခနဲ အော်သံတွေ ညံသွားသည်။

"ဟဲ့... ဟဲ့... ပြန်တင်စမ်း"

"အရှင့် သမီးတော် ချိုးရေတော် သုံးနေရာက မျောက်ဖြစ် သွားပါပြီ ဘုရား၊ ကယ်တော်မူပါဦး ဘုရား"

အထိန်းတော်ကြီး၏ ဒုတိယတင်လျှောက် စကားသည် ပထမ စကားကို မချေဖျက်နိုင်ချေ။ ထပ်မံ၍သာ အတည်ပြုသည်။ သို့ဖြစ်၍ အမှုကို ရွှေ့ဆိုင်းသည်။

mgyoe.com

mgyoe.com


ဘုရင်မင်းမြတ် ကိုယ်တော်တိုင် သမီးတော်စံရာ မြနန်းတော်သို့ လိုက်လံရှုစားသည်။

တိုင်းအလီလီ၊ ပြည်အစုံစုံမှ မင်းညီမင်းသားများ လာရောက် စေ့စပ်ပြောဆိုကြသော်လည်း ခေါင်းခါလွှတ်သော သမီးတော်။ လှပါ ပေသည်၊ ယဉ်ပါပေသည်ဟု မြင်သူတိုင်း ချီးမွမ်းရသော သမီးတော်။

သည်သမီးတော် စံနေကျ ရွှေသလွန်တော်ထက်၌ ဘုရင့်သမီးတော် အစား မျောက်တစ်ကောင် ရောက်နေသည်။ မျောက်သည်လည်း မောင်းမမိသံများနှင့် မယ်တော် မိဖုရားနည်းတူ ငိုကြွေးနေသည်။ ဘုရင့် သမီးတော် သုံးဆောင်နေကျ အဝတ်တွေ ဝတ်ထားသည်။ ရတနာတွေ ဆင်ယင်ထားသည်။ သန့်စင်ပန်းတစ်ခက် ပန်ဆင်ထားသည်။

"မြင်ရချက် မသက်သာပါကလား သမီးတော်ရယ်"

ထိုအခါတွင် "ကယ်မ သနားတော်မူပါဦး အရှင်မင်းကြီး ဘုရား" ဟု မိဖုရားကြီး ငိုယိုလျှောက်ထားသည်။

"သမီးတော်ရဲ့အဖြစ်ကို မြင်ဝံ့သေးရဲ့လား ဘုရား"

မျောက်ထံမှ ထွက်ပေါ်လာသော အသံမှာ သမီးတော်၏ အသံ ဖြစ်သည်။

ဤသည်မှာ သမီးတော်ပေတည်းဟု ဘုရင်မင်းမြတ် လက်မခံဘဲ နေ၍မရတော့ပေ။

"ဘယ်လိုက ဘယ်လိုဖြစ်သွားတယ်ဆိုတာ လျှောက်တင်စမ်းပါဦး သမီးတော် ကလေးရယ်"

ဝမ်းနည်းစရာထဲမှ ဝမ်းသာစရာ ဖြစ်သည်။ လူစင်စစ်က မျောက် ဖြစ်သွားသဖြင့် လူစကားပြောတတ်တော့မည် မမျှော်လင့်။ ယခုကဲ့သို့ အသံထွက်လာသောအခါ ရုပ်မမြင်ရပေမဲ့ အသံတော့ ကြားနေရသေး သည် မဟုတ်သလော။

mgyoe.com

mgyoe.com



ဤ ဝမ်းသာစိတ်ဖြင့်ပင် ဝမ်းသာအားရ မေးမိသည်။

"ရှင်ရွှေတော်များ အသင့်ပြင်ဆင်ပေးထားတဲ့ ချိုးရေတော် သုံးဖို့ အခန်းထဲကိုဝင်ပြီး သမီးတော် ရေချိုးပါတယ် ခမည်းတော်ဘုရား၊ ဒူးတွေ၊ လက်တွေဆွတ်၊ မျက်နှာဆွတ်ပြီး ကုပ်ပေါ်က လောင်းအချမှာ ဘယ်က အမှိုက်တွေ လက်ပေါ်ရောက်လာပါလိမ့် အတွေးနှင့် လက်ဖမိုးကို ပွတ်သပ်ပါတယ်။ ဒါပေမဲ့ ပွတ်မယ့် လက်မှာ အမွေးတွေ ပေါက်နေပါတယ်။ သမီးတော်လည်း အထိတ်တလန့်နှင့် လက်မောင်းကို ကြည့်တော့ အမွေးတွေ၊ ဒါနှင့် မှန်ထဲကိုလည်း ကြည့်လိုက်ရော အမယ်လေး... မျောက်ကြီး အော်မိရာက သမီးတော် သတိလစ်သွားတာပါပဲ ခမည်းတော်ရဲ့၊ ဘယ်လိုလုပ်မတုန်း ဘုရား"

ကြမ်းပေါ်တွင် ဒူးထောက် ခစားနေသော မျောက်က ဘုရင်ကို ဖက်ပြီး ငိုကြွေးရှာသည်။

ဘုရင်မှာလည်း မျောက်၏ခေါင်းကို မရဲတရဲ ပွတ်သပ် ပေးရင်း နှစ်သိမ့်ရသည်။

"သမီးတော် ဘာမှမပူနှင့်၊ အောက်လမ်းဆရာ၊ အထက်လမ်း ဆရာ ပေါင်းစုံကို ပင့်ပြီး ခမည်းတော် ကုသပေးမယ်။ ပျော်ပျော်သာ စံမြဲ စံစေဗျား"

ထိုသို့ နှစ်သိမ့်အပြီးတွင် အထိန်းတော်အား လှမ်းမေး၏။

"မယ်မင်းတွေ့ပုံ တင်စမ်းဟဲ့"

"အရှင့် သမီးတော် ငယ်သံပါအောင် အော်တဲ့အသံကြားလို့ ချော်ပဲလဲသလား၊ ဖားပျံပဲ တွေ့သလား စိုးရိမ်တကြီး ပြေးသွားတော့ သခင်မကို ရေချိုးရုံ အဆောင်တော်ထဲမှာ မတွေ့ပါဘူး ဘုရား၊ ကြေးမုံပြင် ရှေ့မှာ ခွေခွေလေးလဲနေတဲ့ မျောက်ဝံကြီးကို တွေ့ရပါသ ဘုရား"

"အေးပေါ့၊ အဲဒါဟာ သမီးတော်ပေါ့"

mgyoe.com

mgyoe.com


"သို့ပေမဲ့ ဝတ်ထားတဲ့ ဝတ်လဲတော်၊ ဆင်ယင်ထားတဲ့ ဘယက်တန်ဆာ ဒွါဒရာတွေနှင့် သန့်စင်ပန်းကို ထောက်ရှုရရင် အရှင့် သမီးတော်ပဲ ဖြစ်ရမယ်ဆိုပြီး အဆောင်တော်ထဲကို သယ်ခဲ့ရတာပါ ဘုရား"

ဘုရင်မင်းမြတ်သည် ခေါင်းတညိတ်ညိတ် နားထောင်အပြီး၌ အားပေးစကား ထပ်မံပြောကာ သမီးတော်၏ မြနန်းမှ ပြန်ကြွခဲ့သည်။

ပညာရှိ သုခမိန်များကို ရှေ့တော်သို့ခေါ်၍ တိုင်ပင်တော်မူသည်။

ပညာရှိများကလည်း စုန်းတိုက်၊ နတ်တိုက်၊ သူပြု၊ ပယောဂမို့သာ လူစင်စစ်က မျောက်ဖြစ်ရသည်။ အထက်လမ်းဆရာများနှင့် ကုသပါရန် တိုက်တွန်းကြသည်။

သို့အတွက် တော်ပေ့၊ ကျော်ပေ့ သတင်းကြီးသော ဘိုးတော်၊ ဘတော်၊ ဘွားတော်၊ မယ်တော်၊ အဘိုး အစရှိသည့်သူများကို တစ်ယောက်ပြီးတစ်ယောက် ဆင့်ခေါ်သည်။ သမီးတော်ကို ပြသသည်။ ကုသနိုင်ပါမည်လော။

ဆင်းရဲသား၏သားသမီးဖြစ်ပါမူ လှည့်စားကောင်း လှည့်စားမိမည်။ ဘုရင်ကိုကား မလုပ်ရဲကြ။ အချိန်မရွေး ရာဇဒဏ်သင့်နိုင်သည် မဟုတ်လော။ ထို့ကြောင့် ရိုးသားစွာ ဝန်ခံကြ၏။ မတတ်နိုင်ပါ ဘုရား။ ဘုရင်မင်းမြတ်သည် အောက်လမ်းဆရာ အတော်ဆုံး၊ အတတ်ဆုံးတွေကို ဆင့်ခေါ်ပြန်သည်။ သူတို့လည်း မလှည့်စားရဲ။ မလိမ်ညာရဲ။ အမှန်အတိုင်းသာ လျှောက်ထားကြ၏။ မကုသနိုင်ကြောင်းပါ ဘုရား။

ဆေးဝါးခတ်စာဖြင့် ကုသသောဆေးသမားတွေ၏ တင်လျှောက်စကားမှာမူ ရှင်းလှသည်။

"ရောဂါ တစ်စုံတစ်ရာဖြစ်တာ မဟုတ်ရင် မကုသနိုင်ပါ ဘုရား၊ အရှင့် သမီးတော်ရဲ့အဖြစ်အပျက်ဟာ တွေးတောကြံဆလို့ မရအောင် ထူးဆန်းလှပါသ ဘုရား"

mgyoe.com

mgyoe.com


ဘုရင်မင်းမြတ်၏မျှော်လင့်ချက်မှာ တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ လျော့ပါးလာခဲ့သည်။

နောက်ဆုံးတွင် မောင်းခတ်ကြေညာရန်သာ ရှိတော့သည်။

သမား အကျော်အမော်တွေပင် ခေါင်းခါသွားလျှင် မောင်းကြော်၍ကော ဘာများထူးခြားလာပါမည်နည်း။

ရလိုရငြား၊ ဖြစ်လိုဖြစ်ငြား မျှော်လင့်ချက် ဖြစ်ပါသည်။

မြို့ရွာ အသီးသီးတွင် ရွက်ပုန်းသီး ပညာရှင်တွေ ရှိတတ်သည်။ သူတို့ကြားသောကြောင့်၊ သူတို့သိသောကြောင့် ထွက်လာခဲ့ကြသော်ဟူသည့် မရေမရာ မျှော်လင့်ချက်အရ မောင်းကြော်ခြင်း ဖြစ်သည်။

"တိုင်းသူပြည်သား လူအများတို့လေး...

ဘုရင်မင်းမြတ်၏သမီးတော်တွင် ထူးဆန်းသောရောဂါကျရောက် ဖိစီးနေခဲ့ရာ ရှင်းလင်းကင်းစင်အောင် ကုသပေးနိုင်သူ မည်သူ့အားဖြစ်စေ စည်းစိမ်ထက်ဝက်ခွဲ၍ အိမ်ရှေ့ ဥပရာဇာအရာ ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း ဘုရင့် အမိန့်တော်"

အိမ်ရှေ့ ဥပရာဇာအရာသည် ဘုရင်၏ တစ်ဝက်အရေးပါသူဖြစ်ရာ လူတွေ သွားရည်ယို၏။ ဘုရင့် မောင်းကြော်သံတွင်လည်း ဘာရောဂါဟု မပါသည့်အတွက် လူကြီး၊ လူလတ်၊ လူရွယ်တွေ ဥဒဟိုလာကြ၏။

"မောင်မင်းဟာ လိပ်ပြာကို လူ၊ လူကို လိပ်ပြာဖြစ်အောင် စွမ်းဆောင်နိုင်ပါ့မလား"

ဘုရင့် သမားတော်ကြီး၏ ဆီးကြို အမေးဖြစ်သည်။

"အဲဒါတော့ မစွမ်းပါ ခင်ဗျား"

"မစွမ်းရင် ပြန်တော့"

သုံးရက်မြောက်သောနေ့တွင် ညှိုးညှိုးနွမ်းနွမ်းနှင့် လူငယ်

mgyoe.com

mgyoe.com


တစ်ယောက် ရောက်လာ၏။ ဆေးလွယ်အိတ် မပါပါ။ တစ်တောင်ခန့် ရှည်သော ဝါးကျည်တောက်တစ်လုံးသာ ပါလာ၏။

"အမောင့် နာမည် ဘယ်လိုခေါ်သတုန်း"

"ငကံပါ ဘုရား"

"ဘာလုပ်ကိုင် စားသောက်သတုန်း ငကံ"

"ကံကောင်းရင် စားရမှာပဲဆိုတဲ့ ယုံကြည်ချက်နှင့် ဘာမှ မလုပ်ပါ ဘုရား၊ အတူနေ သူငယ်ချင်း ငလုံ့လ ကျွေးမွေးသမျှကို ထိုင်စားနေပါသ ဘုရား"

"ကောင်းပြီ ရှိစေတော့၊ လူကို လိပ်ပြာဖြစ်အောင်၊ လိပ်ပြာကို လူဖြစ်အောင် လုပ်နိုင်တဲ့ အတတ် တတ်သလား"

"လိပ်ပြာကို လူဖြစ်အောင်တော့ မလုပ်တတ်စေကာမူ လူအဖြစ်မှ အကြောင်းတစ်စုံတစ်ရာ မကောင်းကြမ္မာကြောင့် လူမှ မျောက်ဖြစ်သွားသူများကိုတော့ လူပြန်ဖြစ်အောင် လုပ်နိုင်ကြောင်းပါ ဘုရား"

ဘုရင့်သမီးတော် ကြုံတွေ့နေရသော အခြေအနေနှင့် ကွက်တိ ခွင်ကျ ဖြစ်နေသည်။ သမားတော်ကြီးလည်း ငကံအား မြနန်းတော်သို့ ခေါ်လာသည်။ ရံရွေတော်များ ခစားဝန်းရံနေသည့် မျောက်တစ်ကောင် အား ညွှန်ပြသည်။

"အမောင်၊ ပြန်ပြီး ဆုတ်ချင်ရင် ဆုတ်နိုင်သေးတယ်။ ရှေ့ကိုတိုးပြီး ကုသလို့ မပျောက်ရင် ရာဇဝတ်တော်ကြီးနှင့် တိုးလိမ့်မယ်"

သမားတော်က ငကံအတွက် လမ်းဖွင့်ပေး၏။ ငကံ ပြန်မဆုတ်ပါ။

"အေး... အဲဒါဟာ လူကဖြစ်သွားတဲ့ မျောက်ပဲဟေ့၊ ကုပေတော့"

ငကံမှာ မည်သည့်ဆေးဝါး မန္တန်၊ မန္တရားမှ မပါပါ။ ဝါးကျည် တောက်အဖုံးကို ဖွင့်သည်။ သလွန်ပေါ်တွင် ထိုင်နေသော မျောက်မ၏ ခေါင်းပေါ်သို့ ညင်သာစွာ သွန်းလောင်းလိုက်၏။

mgyoe.com

mgyoe.com


"ကျည်တောက်ထဲက ရေတွေ ကုန်သွားပြီ။ မဖြစ်ရင်တော့ ဒုက္ခပဲ၊ လော့လ ငါ့ကို မလိမ်တန်ရာပါဘူး"

ငကံ စိုးရိမ်စွာ ကြည့်နေစဉ် မျောက်နေရာ၌ ချောမောလှပသော မိန်းမယဉ်၊ မိန်းမချောကလေးကို တွေ့ရလေ၏။

"အောင်ပြီကွ၊ အောင်ပြီ ဟေး"

ငကံ ဝမ်းသာအားရ အော်သည်။ လက်ပမ်းပေါက်ခတ်သည်။

သို့ရာတွင် ငကံ၏အသံမှာ မောင်းမမိသံများ၏ ဝမ်းသာ အားရ အော်ဟစ်သံကို မကျော်နိုင်ပါ။ ဘုရင့်သမီးတော် မျောက်ဖြစ်သွားသည့် နေ့က တစ်နန်းလုံး ငိုသံတွေ လွှမ်းနေ၏။ ယခုသော်ကား ရယ်မောသံများ၊ ပျော်ရွှင်စွာ အော်ဟစ်သံများ လွှမ်းခြုံနေတော့သည်။

တစ်ခဏအတွင်း ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့ တပြုံးပြုံး၊ တရွှင်ရွှင် ကြွလာသည်။ ငကံအား ကျေးဇူးတင်စကား ဆိုသည်။ အိမ်သို့ပင် ပြန်ခွင့်မပေးတော့ဘဲ နောက်တစ်နေ့တွင် အိမ်ရှေ့ ဥပရာဇာအရာ အပ်နှင်းဘိသိက်ခံပွဲ ကျင်းပလေသည်။

ငကံ အိမ်ရှေ့မင်းဖြစ်ပြီးနောက် ဆယ်ရက်ခန့်ကြာသော နေ့တွင် တောသားတစ်ယောက်သည် အိမ်ရှေ့မင်း ဝင်းတော်ဝသို့ ရောက်လာသည်။ တံခါးစောင့်ထံ ခွင့်မပန်ဘဲ စွတ်ရွတ်ဝင်သွားသည်။

"ဟေ့ကောင်၊ ဒါ အိမ်ရှေ့မင်းရဲ့ စံအိမ်တော်ဆိုတာ မသိဘူးလား"

အစောင့်နှင့် အမှုထမ်းတွေ ဝိုင်းအုံလာ၏။

ဒေါသတကြီး ငေါက်ငမ်း မေးမြန်းကြသည်။

"သိပါတယ်၊ သိလို့ ဝင်လာတာပါ"

"သိရင် ဘယ်သူ့ဆီ ခွင့်တောင်းသတုန်း"

"ခွင့်တောင်းဖို့ မလိုပါဘူး၊ အိမ်ရှေ့မင်း ငကံဟာ ကျုပ် ကျွေးမွေးထားတဲ့အကောင်ပဲ"

mgyoe.com

mgyoe.com


"ငါတို့ သခင်ကို ငကံ ခေါ်ဦးကွ"

"ငါတို့သခင် အိမ်ရှေ့မင်းကို အကောင်တဲ့"

"စော်ကားဦး၊ စော်ကားဦး"

နားရင်းအုပ်သူက အုပ်၊ ခြေဖြင့် ကန်သူကန် ကန်၊ ပါးရိုက်သူက ရိုက်၊ ဝိုင်းဝန်း အစွမ်းပြလိုက်ကြရာ တောသားခမျာ မြေပေါ်တွင် ခွေခွေကလေး လဲကျသတိလစ်နေလေ၏။

အိမ်တော်သားများသည် တောသားကို ခြေထောက် နှစ်ချောင်းမှ တရွတ်ဆွဲလျက် ဝင်းတော်၏ အပြင်သို့ ထုတ်ပစ်လိုက်ကြလေ၏။

ငလုံ့လသည် ဒဏ်ရာ ဗရပွဖြင့် ရွာသို့ပြန်လာ၏။ မည်သို့ လုပ်ရပါမည်နည်း အကြံထုတ်၏။ သူနှင့် ငကံသည် ဤ အိမ်ကလေးတွင် အတူနေခဲ့ကြ၏။ ကံရှိလျှင် စားရလိမ့်မည်ဆိုကာ ငကံ ပျင်းသမျှ ငလုံ့လချည်း ပင်ပန်း၏။ ငကံ အိမ်ရှေ့မင်းဖြစ်သွားခြင်းမှာလည်း ငလုံ့လ၏အစွမ်းသာ ဖြစ်၏။

မည်သို့ဖြစ်စေ ဤအကြောင်းများကို မင်းခယောကျ်ားတွေ မသိကြ။ သူတို့သိသည်မှာ မျက်နှာလို မျက်နှာရလုပ်ခြင်း၊ အားနည်းသူကို နှိပ်ခြင်းသာ ဖြစ်သည်။

ယခု ငလုံ့လသွားသည်မှာ ငကံနှင့် တွေ့လို၍ ဖြစ်သည်။

တွေ့လိုခြင်းမှာ ခိုင်းနွားနှစ်ကောင်အနက် တစ်ကောင် သေသွားသဖြင့် အကူအညီတောင်းရန် ဖြစ်သည်။

"ငါ ဘယ်လို လုပ်ရပါ့၊ လုပ်ရပါ့"

ငလုံ့လသည် အထပ်ထပ် အပြန်ပြန် စဉ်းစား၏။

"လက်ဆောင်တော် ဆက်ချင်လို့ပါဆိုရင် အိမ်ရှေ့မင်းရဲ့ ရှေ့တော်ကို ဝင်ခွင့်ရမှာပဲ။ ဒါမှသာ အကူအညီ တောင်းနိုင်မှာ၊ ဟုတ်ပြီ"

ဥပရာဇာနှင့် တွေ့နိုင်ခွင့်လမ်းစကို ရှာဖွေတွေ့ရှိသောအခါ

mgyoe.com

mgyoe.com


ဆက်သရမည့် လက်ဆောင်တော် စာရင်းကို စဉ်းစားသည်။

"ငှက်ပျောတစ်ခိုင်၊ ဒါလည်း သေးနုပ်တယ်။ ဆယ်ခိုင်မှ လှပမယ်၊ ဒါပေမဲ့ အဲဒါလောက် အများကြီးကို ငါ မဝယ်နိုင်ဘူး။ ကြက်ဆယ်ကောင်၊ ထန်းလျက် ပိဿာ ငါးဆယ်"

ငလုံ့လသည် စဉ်းစားမိသမျှကို ချက်ချင်း ပယ်ပစ်ရ၏။ သူ၏ ဓနအင်အားဖြင့် မတတ်နိုင်သောကြောင့် ဖြစ်သည်။ နောက်ဆုံးတွင် အမြင်လည်း လှ၊ အဓိပ္ပာယ်လည်း လေးနက်သော အဖိုးတန်လက်ဆောင်ကို ငလုံ့လ စဉ်းစားမိ၏။ ထိုအရာမှာ ငလုံ့လ လက်ဝယ်ရှိ နွားပေတည်း။

"ဟုတ်တယ်၊ နွားတစ်ရှဉ်းရှိရာမှာ တစ်ကောင်ဆက်တော့ ဘာနှင့်လုပ်စားမတုန်း မေးမယ်။ တစ်ကောင် သေသွားလို့ပါ ဘုရား။ ဖြေတဲ့အခါမှာ နွားတစ်ကောင်ဖိုးမက ဆုတော်၊ လာဘ်တော် ပေးမယ်။ နွားကိုလည်း ပြန်ပေးလိမ့်မယ်၊ ဟုတ်ပြီ"

ငလုံ့လသည် သူ့ကိုယ်သူ အလွန်ကျေနပ်သွား၏။ ထိုနေ့မှစပြီး နွားကို ဝလင်အောင် အစာကျွေးသည်။ ရေချိုးပေးသည်။ နွားမှာ တစ်နေ့တခြား ဝဖီးလှပလာသည်။

တစ်ခုသော နံနက်တွင် ငလုံ့လသည် ရေမိုးချိုး၊ ဝတ်ကောင်းစားလှ ဝတ်ကာ နွားကိုဆွဲလျက် အိမ်ရှေ့မင်း၏ဝင်းတော်ဝသို့ ဆိုက်ရောက်လာသည်။ အစောင့်များအား လက်ဆောင်ပေးသည်။

"အိမ်ရှေ့မင်းကို ဖူးမြင်ပြီး ကိုယ်တိုင်ကိုယ်ကျ လက်ဆောင်တော် ဆက်ချင်လို့ပါ မင်းဘုရားတို့"

ရိုသေကျိုးနွံသော တောတွင်းသားအား အမှုထမ်းတွေ သဘောကျသွားသည်။

အိမ်ရှေ့မင်းထံ သွားရောက်ခွင့်တောင်းပြီးနောက် ရှေ့တော်သို့ သွင်းပေးကြသည်။

mgyoe.com

mgyoe.com


အိမ်ရှေ့မင်းသည် သလွန်တော်ပေါ်၌ စံပယ်လျက် ရှိ၏။ မောင်းမမိဿံတွေ ဝိုင်းဝိုင်းလည်အောင် ခစားလျက် ရှိသည်။

"ဟဲ့... တောတွင်းသား၊ ဘာဆက်သမလို့တုန်းဟဲ့"

"မှန်လှပါ၊ ကျွန်တော်မျိုး တောတွင်းသား ငလုံ့လသည် နွားတစ်ရှဉ်းနှင့် လုပ်ကိုင်စားသောက်နေရာ နွားတစ်ကောင် သေသွားသဖြင့် နွားတစ်ကောင် ထပ်မံ ဝယ်ယူရန် မစွမ်းဆောင်နိုင်ပါသောကြောင့် ကျန်သော နွားတစ်ကောင်ကို အရှင့်ထံ လာရောက်ဆက်သရတာပါဘုရား"

"ကောင်းပြီ မောင်မင်း၊ နွားကို ထားခဲ့ပြီး ပြန်ပေတော့"

ငလုံ့လသည် စိတ်ဆိုးမာန်ဆိုး ထရပ်၏။ "ဟော့ကောင် ငကံ" ဟုခေါ်ရန် စိတ်ကူးပြီးမှ ပါးစပ်ကို ပိတ်သည်။ သူငယ်ချင်းမှန်း သိပါလျက် မသိကျိုးကျွန်ပြုရကောင်းလားဟု ငယ်ကျိုးငယ်နာ ဖော်မည် စိတ်ကူးသည်။ သို့ရာတွင် မိမိသာ နစ်နာမည် စဉ်းစားမိသဖြင့် ငလုံ့လ လက်လျှော့ပြီး နောက်ဆုတ်ခဲ့သည်။

အိမ်သို့ပြန်ရောက်သောအခါ ငလုံ့လသည် ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ နွားနှစ်ကောင်ဖြစ်လာမည်လောဟု တစ်ကောင်ကို ဆွဲသွားရာ တစ်ကောင်မျှ မရှိတော့၍ ဖြစ်သည်။

သေသေချာချာ စဉ်းစားသောအခါ ဘာမျှ လက်ဆုပ် လက်ကိုင် မရှိတော့ပါတကား။ ယခင်ကမူ တောတက် ဝါးခုတ်ပြီး နွားဖြင့် ဆွဲလာနိုင်သည်။ လှည်းဖြင့် တင်လာနိုင်သည်။ ယခုတစ်မူ ပခုံးဖြင့် ထမ်းရန်သာ ရှိပါတော့တကား။

ငလုံ့လသည် နောက်တစ်နေ့တွင် စိတ်နှလုံး မသာမယာဖြင့် ဝါးခုတ်ရန် ထွက်ခဲ့သည်။ ရှေ့လူတွေ ဝင်သွားပြီးသည့် ဝါးတောတွေချည်း တွေ့ရသည်။ မည်သူမျှ မရောက်သေးသော ဝါးတောမှာသာ

mgyoe.com

mgyoe.com


ဝါးကောင်းဝါးလှရနိုင်မည်ဖြစ်သဖြင့် တောနက်ထဲသို့ တိုးဝင်လာသည်။

မွန်းတိမ်းချိန်တွင် သာယာသော တောင်ကြားတစ်ခုသို့ ရောက်လာ၏။ ငလုံ့လလည်း အမောအပန်းဖြေပြီးလျှင် ထမင်းထုပ်ကို ဖြေသည်။ မိမိရောက်နေသော နေရာကို ဆန်းစစ်လိုက်သောအခါ "ထူးဆန်းသော တောင်ကန်နှင့် မြောက်ကန်" ဖြစ်နေကြောင်း သတိထားမိသည်။ ထိုအခါ လွန်ခဲ့သော လအတန်ကြာက အဖြစ်အပျက်ကို ပြန်လည်သတိရ၏။

ထိုစဉ်အခါကမူ ငလုံ့လသည် တစ်ယောက်တည်း မဟုတ်။ လှည်း၊ နွားလည်း ပါသည်။ လှည်းပေါ်တွင် အိပ်လျက် ကျန်ခဲ့သူမှာ ငကံ ဖြစ်သည်။ ကံရှိရင် ရေသောက်ရလိမ့်မည်ဆိုကာ အိပ်နေခဲ့ခြင်းဖြစ်သည်။ ကံကို အားမကိုးသော ငလုံ့လကား ချွေးဒီးဒီးကျအောင် ရေကို ရှာဖွေသည်။

တောင်ဘက်တွင် တစ်လုံး၊ မြောက်ဘက်တွင် တစ်လုံး တောင်ပူစာခြားလျက် တည်ရှိနေသော ကန်များကို တွေ့ရသဖြင့် ငလုံ့လ ဝမ်းသာ၏ ။

သည်ဘက်ကမ်းစပ်၌ ရေခပ်ရန် ပြင်ဆင်နေစဉ် မလှမ်းမကမ်းသို့ ငှက်တစ်အုပ် ဆင်းလာ၏။ ဆူညံစွာ ရေချိုးကြ၏။

ငလုံ့လမှာ ရေခပ်နေရင်းက နောက်သို့ ခုန်ဆုတ်မိ၏။ ရေတွေကို သွန်ပစ်မိ၏။ အကြောင်းသော်ကား ခုနက ရေဆင်းချိုးသော ငှက်တွေအားလုံး မျောက်တွေချည်း ဖြစ်ကုန်သောကြောင့်တည်း။

သို့သော် မျောက်တွေကား အားရအောင် ဆော့ကစားပြီးမှ တောင်ပူစာပေါ်သို့ တက်၏။ တောင်ကန်ထဲသို့ ဆင်းပြီး ရေချိုးကြပြန်၏ ။

ငလုံ့လ အံ့ဩရပြန်သည်။

mgyoe.com

mgyoe.com



ရေဆင်းချိုးသော မျောက်အားလုံးမှာ ရွှေငှက်တွေ ဖြစ်ကုန်သောကြောင့်ပေတည်း။ ရွှေငှက်တွေသည် ပျော်ရွှင်စွာ လူးလာကူးခပ်နေပြီးမှ အုပ်လိုက်... အုပ်လိုက် ပျံသန်းသွားကြလေသတည်း။

ငလုံ့လသည် တောင်ကန်မှ ရေကို ကျည်တောက်နှစ်လုံးဖြင့် ခပ်၏။ နောက်ထပ် ကျည်တောက်တစ်လုံး လုပ်၏။ ထင်ရှားသော အမှတ်အသားလုပ်ပြီးမှ မြောက်ကန်မှ ရေကို ခပ်ယူ၏။ လုံခြုံအောင် ပိတ်ကာ လှည်းရှိရာသို့ ယူဆောင်ခဲ့၏။

ငလုံ့လကား ရိုးသားသူဖြစ်သဖြင့် မြောက်ကန်ရေ ကျည်တောက် အကြောင်း ရှင်းပြသည်။ တောင်ကန်ရေ ထည့်ထားသော ကျည်တောက်နှင့် မမှားအောင် ဤသို့ခွဲခြားထားသည်ကိုလည်း ရှင်းလင်းညွှန်ပြသည်။

ငလုံ့လ ရှင်းပြချိန်မှ စတင်ပြီး ငကံသည် တောင်ကန်ရေပါသော ကျည်တောက်ကို ကိုယ်နှင့်မကွာ ဖက်ထားတော့သည်။ ရွာသို့ ပြန်ရောက်လျှင် ကျည်တောက်နှစ်လုံးကို လုံခြုံစွာ သိမ်းဆည်းတော့၏။

ကံကိုသာ အားကိုးခဲ့သော ငကံသည် လုံ့လဝီရိယရှိလာပြီ။

ရွှေမြို့တော်သို့သွားကာ ရွှေနန်းတော်တွင်းရှိ နန်းသူနန်းသားများ သွားလာလှုပ်ရှားမှုကို အပတ်တကုတ် လေ့လာမှတ်သားတော့သည်။ တစ်ညတွင် သူသည် မြောက်ကန် ကျည်တောက်ကို ယူသွားသည်။ ဘုရင့်သမီးတော်၏ ချိုးရေအိုးထဲတွင် ရေတွေ သွန်ထည့်ပစ်ခဲ့သည်။

ထိုအကြောင်းများကို ပြန်လည်စဉ်းစားမိသော ငလုံ့လသည် ဝါးခုတ်မည့် အကြံကို စွန့်လွှတ်လိုက်၏။ ဝါးကျည်တောက်လေးလုံး ထမ်းပိုးတစ်ချောင်း ခုတ်၏။ ထို့နောက် မြောက်ကန်ရေနှင့် တောင်ကန်ရေနှစ်ကျည်တောက်စီ ခပ်ကာ ထမ်းပိုးလျှိုထမ်းလျက် ပြန်လာခဲ့လေ၏။

နောက်တစ်နေ့မှစတင်ပြီး ငလုံ့လသည် ရွှေမြို့တော်သို့သွား၏။

ရွှေမြို့တော်တွင် ဖြစ်သလို ရှာဖွေစားသောက်၏။ ညဉ့်အိပ်

mgyoe.com

mgyoe.com



ညဦးနေ နေ၏။ နန်းတွင်းနှင့် အိမ်ရှေ့မင်းအိမ်တော်ကို လေ့လာမှတ်သား၏ ။

သေချာ စွဲမြဲစွာ မှတ်သားမိချိန်တွင် ရွာသို့ပြန်လာကာ မြောက်ကန်ရေ နှစ်ကျည်တောက်ကို သယ်ပိုးလျက် ပြန်လာခဲ့၏။

ထိုအချိန်တွင် ရွှေမြို့တော်အတွင်း၌ လမ်းတွေကို ပြင်ဆင်ကာ သဲဖြူခင်း၍ ရာဇမတ် ကာထား၏။ အကြောင်းရင်းကို ငလုံ့လ စုံစမ်း၏။ ဘုရင့်သမီးတော်အား နက်ဖြန်နံနက်တွင် အိမ်ရှေ့မင်းနှင့် ထိမ်းမြားမင်္ဂလာဆောင်နှင်းမည်ဖြစ်သဖြင့် ရွှေမြို့တော်ကို တန်ဆာဆင်ထားခြင်းဖြစ်သတည်း။

ငလုံ့လသည် အိမ်ရှေ့မင်း ဝင်းတော်သို့ တိတ်တဆိတ် ဝင်ကာ မြောက်ကန်ရေကို ချိုးရေတော်အိုး၌ ထည့်သည်။

နန်းတော်တွင်းသို့လည်း ထိုနေ့ညတွင် ဝင်ပြီး သမီးတော်၏ ချိုးရေအိုး၌ မြောက်ကန်ရေတွေ သွန်ထည့်ပစ်ခဲ့၏။

နောက်တစ်နေ့ နံနက်တွင် မင်္ဂလာလက်ထပ်ပွဲအတွက် တူရိယာ တီးမှုတ်သံများ မပေါ်လာချေ။

ထိမ်းမြားမင်္ဂလာ ဆောင်နှင်းအံ့ဆဲဆဲ လူနှစ်ဦးတို့ ရေအချိုးတွင် ပျောက်ဖြစ်သွားသည့် သတင်းသည်သာ အုတ်အော်သောင်းတင်း ဖြစ်နေလေတော့၏။

ပြည့်ရှင်မင်းသည် အတွေ့အကြုံရှိပြီး ဖြစ်သဖြင့် ရှေးအခါကနှယ် သမားဟူးရားများနှင့် အချိန်မဖြုန်းတော့ပေ။

ချက်ချင်း မောင်းကြော်၏။

သမီးတော်နှင့် အိမ်ရှေ့မင်းသအား ကုသပေးနိုင်သူအား လိုရာဆု ပေးသနားတော်မူမည်ဟု ကြော်ငြာချက်၌ ထည့်သွင်း၏။

သို့ကြောင့် ငလုံ့လသည် ဘုရင့်ရှေ့တော်သို့ဝင်ကာ သမီးတော်

mgyoe.com

mgyoe.com



အား တောင်ကန်မှ ရေဖြင့် ဖျန်းပေးရာ ချက်ချင်းပိုမိုလှပသော မင်းသမီးကလေး ပြန်ဖြစ်လာ၏။

"ကိုင်း... မောင်မင်း၊ ငါ၏ ထီးနန်းနှင့် မိဖုရားကြီးမှအပ လိုရာဆုတောင်းစေ မောင်မင်း"

"အရှင့်သမီးတော်ကို အလိုရှိကြောင်းပါ ဘုရား"

ဘုရင်မင်းမြတ်မှာ ကိုယ့်ကတိနှင့်ကိုယ် မိနေသောကြောင့် သဘောတူလိုက်ရလေ၏။

ဘုရင့်သမီးတော်နှင့် လေလံ့လကို လက်ဆက်ပေးမည့် သတင်းကို မျောက်ဖြစ်နေသော အိမ်ရှေ့မင်း ကြားသောအခါ အလွန်စိတ်ဆိုးသည်။

ဘုရင်ကြီးကို လုပ်ကြံသတ်ဖြတ်မည် ကြံ့းဝါးလျက် အိမ်ရှေ့မင်း၏ အိမ်တော်မှ ထွက်လာရာ လမ်းတွင် တွေ့သော လူအများက သာမန်မျောက်ဝံတစ်ကောင်ထင်ပြီး အုတ်၊ ကျောက်တို့ဖြင့် ပစ်ပေါက်ကြသဖြင့် အိမ်ရှေ့မင်း မျောက်ဝံကြီးမှာ မရှုမလှဖြင့် ခန္ဓာချုပ်ရလေ၏။

ဘုရင်မင်းမြတ်နှင့် သမက်တော် လေလံ့လတို့မှာ မင်္ဂလာပွဲပြီးမှ အိမ်ရှေ့မင်းကို သတိရကြ၏။

ထိုအချိန်တွင် အိမ်ရှေ့မင်း၏ အိမ်တော်၌ အိမ်ရှေ့မင်းကို ရှာဖွေမတွေ့တော့ချေ။

❐

mgyoe.com

mgyoe.com



# နှာခေါင်းရှည်သော ဆေး

သံတူကြောင်းကွဲ ပုံပြင်တစ်ပုဒ်လည်း ရှိပါသေးသည်။

မုဆိုး သားအဖသည် တောလည်စဉ်တွင် ထူးဆန်းသော ဆင်များကို တွေ့ကြရလေ၏။ သူတို့သားအဖ မြင်ဖူး၊ တွေ့ဖူးသော ဆင်များမှာ ကြီးမားထွားကျိုင်း၏။ ထူးဆန်းသော ဆင်များကား လူ့ခါးသာသာမျှသာ မြင့်၏။ ထို့ပြင် အစွယ်လည်း မပါချေ။ မြည်သံမှာ ဆင်ကဲ့သို့ မဟုတ်၊ ဝက်မြည်သံ ဖြစ်၏။

အုပ်လိုက်ချပြီး ပြေးလာသော ထူးဆန်းသည့် ဆင်ပုလေးများကို သားအဖနှစ်ယောက် ပစ်ခတ်ဖမ်းဆီးရာ သုံးကောင်ရလိုက်၏။

ထိုအခါတွင်မှ ဤသတ္တဝါများကား ဆင် မဟုတ်၊ နှာခေါင်းအလွန်ရှည်သော တောဝက်ပေတည်းဟု သိကြရလေ၏။

"ဒီလိုဆိုရင် သည်တောဝက်တွေ နှာခေါင်းရှည်တဲ့အသီးကို စားမိရာက ဒါမှမဟုတ် အပွင့်ကို ရှူမိရာက အခုလိုဖြစ်လာတာများလား အဖေ"

သားမှာ တွေးတောဆင်ခြင်တတ်သူ ဖြစ်၏။

mgyoe.com

mgyoe.com



"ငါ့သားပြောတာ ဖြစ်နိုင်တယ်"

"ဝက်တွေလာတဲ့ဘက်ကို လိုက်ရင် ဝက်တွေရဲ့ နှာခေါင်း အဆ မတန်ရှည်တဲ့အကြောင်းရင်း သိရမှာပဲ အဖေ၊ အဲဒီဘက် သွားကြရ အောင်"

"ဟာ... လူကလေး မောင်ရဲ့၊ အဲဒါကို သိလို့ ထမင်းစားရတာ မဟုတ်ဘူး။ ရတဲ့ ဝက်တွေ မပုပ်ခင် အကောင်ကို ဖျက်ပြီး ကျပ်တင်ကြ ပါစို့"

ဖခင် မုဆိုးကြီး သဘောမတူ။ သို့အတွက် မုဆိုးကလေးမှာ စူးစမ်းလိုစိတ်ကို ချုပ်တည်းထားလိုက်ရလေ၏။

ဖမ်းဆီးရရှိသော သားကောင်များကို ကျပ်တင်ပြီးနောက် နောက်နေ့တွင် သားအဖနှစ်ယောက် အိမ်သို့ပြန်လာကြ၏။ သားကား မိမိတွေ့ခဲ့သော တောကောင်ကို မှတ်သားထား၏။ အဖေ မပါဘဲ ပြန်လာ မည်စိတ်ကူးဖြင့် ဖြစ်၏။

သို့ရာတွင် မုဆိုးကလေး ပြန်လာရန် မလိုပါ။

သူတို့အပြန်လမ်းတွင် ဝက်မှ ဆင်ဖြစ်နေသော ဝက်အုပ်တစ်အုပ် ကို လှမ်းမြင်ရပြန်သည်။

သားအဖ နှစ်ယောက်သည် ပါလာသော အသားခြောက်များကို သစ်ပင်တွင် ချိတ်ပြီး လိုက်လံချောင်းမြောင်းစဉ် ဝက်အုပ်သည် ပန်းပင် တစ်ပင်ကို အလုအယက် နမ်းကြ၏။

အံ့ဩဖွယ်ပေတည်း။

ဝက်တွေ၏ ရှည်လျားသော နှာခေါင်းများမှာ နဂိုနေသို့ ပြန်လည် ရောက်ရှိသွားလေ၏။ ထိုဝက်အုပ်ကို ပစ်ခတ်သော်လည်း မရလိုက်ပေ။ မုဆိုးကလေးကား ပန်းတစ်ပွင့်ကို ခူးယူပြီး ကောင်းမွန်စွာ ထည့်သိုလျက် ယူဆောင်ခဲ့လေတော့သည်။

mgyoe.com

mgyoe.com



မုဆိုးသားအဖ ခရီးဆက်ခဲ့သည်။ သွေးရူးသွေးတန်း ပြေးလာသည့် ချေတစ်ကောင်ကို မြင်ရသည်။ လူကိုမြင်ပါလျက် နောက်သို့ မဆုတ်။

"ဒီချေဟာ ရူးနေသလား မသိဘူး အဖေ"

မုဆိုးကလေး ထင်မြင်လျက် ပေးနေဆဲတွင် ချေသူငယ်မှာ မုဆိုးကြီး၏ လက်ချက်ဖြင့် သေလေပြီ။

"ကြည့်စမ်း... သား၊ လာကြည့်စမ်းဟေ့"

မုဆိုးကြီး ခေါ်သောကြောင့် သားက အပြေး ချဉ်းကပ်သွား၏။ လူကို မြင်ပါလျက် မပြေးခြင်းမှာ ထိတ်လန့်ချောက်ချားလာသဖြင့် ဖြစ်သည်။ ချေသူငယ် ထိတ်လန့်ချောက်ချားရခြင်းမှာ နှာခေါင်းကြီး အဆမတန် ရှည်လျားလာသည့်အတွက် ဖြစ်ပေသည်။

"တောကောင်ကြီး တစ်မျိုးမျိုးနှင့် တွေ့လာလို့လား အဖေ"

"မဟုတ်ဘူး သား၊ နှာခေါင်းကြီး ရုတ်တရက် ရှည်ထွက်လာလို့ ဖြစ်တဲ့ ထိတ်လန့်မှုကွယ့်"

မုဆိုးကလေးသည် ဝန်းကျင် ပတ်ချာကို အကဲခတ်သည်။ မျှော်ကြည့်သည်။ ကျားကဲ့သို့သော အကောင်ကြီးများ၏ အရိပ်အယောင် မရှိပါ။

"နှာခေါင်းရှည်ပင်ဟာ ဒီနားမှာပဲ ရှိမယ်ထင်တယ် အဖေ၊ သား နည်းနည်းပါးပါး လိုက်ကြည့်ပါရစေ"

ချေကို အဖေ ဖျက်နေစဉ် သားဖြစ်သူသည် မလှမ်းမကမ်း နေရာများသို့ လှျောက်ကြည့်သည်။ တစ်ခေါ်မျှ အဝေးတွင် ထူးဆန်းသော ပန်းတစ်ပင်ကို တွေ့သည်။ ချုံထဲဝင်ပြီး ချောင်းမြောင်းကြည့်နေစဉ် ကျားသစ်တစ်ကောင် ရောက်လာသည်။ ခေါင်းအမော့တွင် ပန်းနှင့် နှာခေါင်းနှင့် ထိမိရာ နှာခေါင်းကြီး ရှည်ထွက်၏။

mgyoe.com

mgyoe.com



"အဖေရေ... ကျားသစ်... ကျားသစ်"

ကျားသစ်လည်း ချောက်ကဲ့သို့ပင် ထိတ်လန့်တုန်လှုပ်စွာ ပြေးမိပြေးရာ ပြေး၏။ အဖေ ကြိုတင်သိစေရန် မုဆိုးငယ်က ကုန်းအော်၏။ ထို့နောက် ထိုပန်းတစ်ပွင့်ကို ခူးဆွတ်သည်။ ဝါးကျည်တောက် သေးသေးကလေး ဖန်တီးကာ နှာခေါင်းရှည်ပန်းကို ထည့်ယူခဲ့လေ၏။

မုဆိုးသားအဖသည် ကျားသစ်ကို ပြုတ်သည်။ ကျက်ချိန်လောက် တွင် ကျည်တောက်နှင့်တကွ သယ်ယူကြသည်။

သည်မျှ အလျင်လိုခြင်းမှာ ကျားသစ်ကို နေပြည်တော်တွင် အကောင်လိုက် ရောင်းချလို၍ ဖြစ်သည်။

အိမ်သို့ရောက်သည်နှင့် တစ်ပြိုင်နက်တည်း မုဆိုးငယ်သည် ပန်းတော်ဆက်၏ အိမ်သို့ ပြေးခဲ့သည်။ ပန်းတော်ဆက်မှာ ဘုရင့် သမီးတော်၏ ပန်းတော်ဆက် ဖြစ်ပေသည်။ မုဆိုးငယ်က အသားကင် များ လက်ဆောင်ပေးရာ ဝမ်းသာစကား၊ ကျေးဇူးတင်စကား အနည်းငယ် သာ ပြောနိုင်သည်။ ပန်းတော်ဆက် နောက်ကျမည်စိုး၍ အပြေးအလွှား သီကုံးနေရသည့်အတွက် ဖြစ်ချေသည်။

ထိုအခါတွင် မုဆိုးငယ်လည်း ဝင်ရောက်ကူညီသည်။

ပန်းကုံး၊ ပန်းတုံ၊ ပန်းခက်များကို ရွှေလင်ပန်းတွင် ထည့်လျက် ပန်းဆက်သူ ထွက်ခွာသွားတော့မှ မုဆိုးကလေးလည်း ပြန်လာခဲ့လေ၏။

မုဆိုးကလေးသည် နောက်တစ်နေ့မှစတင်ပြီး ဖအေနှင့် တော မလည်တော့ပေ။ အိမ်တွင် နေခဲ့ကာ တစ်စုံတစ်ရာကို မျှော်စောင့်နေ၏။

ခုနစ်ရက်မြောက်နေ့တွင် "တိုင်းသူပြည်သား လူအများတို့လေး" အစချီသည့် မောင်းကြော်သံကို ကြားရလေ၏။

မောင်းသတင်းမှာ "ဘုရင့် သမီးတော်၌ ကျရောက်စွဲကပ်နေသော ဝေဒနာကို ပျောက်ကင်းအောင် ကုသနိုင်ပါက မိန်းမဖြစ်လျှင် တောင်

mgyoe.com

mgyoe.com



စမုတ်မှ ထောင်ထုပ်၊ ယောကျ်ားဖြစ်လျှင် အိမ်ရှေ့အရာ ပေးသနားတော်မူမည်" ဟူ၍ ဖြစ်ပေ၏။

ထိုသတင်းကို ကြားလျှင် ကြားချင်း မုဆိုးငယ်သည် ရေမိုးချိုး၊ အဝတ်သစ်ဝတ်ကာ ရွှေနန်းတော်သို့ထွက်လာခဲ့သည်။

ဘုရင့်ရှေ့တော်တွင် မုဆိုးငယ် ခစားမိသောအခါ မှူးမတ်များက လူပုံပန်းကိုကြည့်ကာ အထင်သေးကြ၏။ အသက်မွေးမှုမှာလည်း ဆေးသမား မဟုတ်၊ တောမုဆိုးဟုဆိုသဖြင့် ခေါင်းယမ်းကြ၏။

"အမောင်... လူနာကို မြင်ပြီးလို့ ကုမိပြီဆိုရင် ပျောက်မှ အသက်ချမ်းသာရာရမယ်။ မပျောက်ရင် ရာဇဝတ်ဘေးပဲ အမောင်"

"အရှင့်... သမီးတော်ရဲ့ဝေဒနာကို ကျွန်တော်မျိုးကလွဲလို့ ကုသနိုင်သူရှိမယ် မထင်ပါဘူး ဘုရား"

"ဒါလောက် အပြောကြီးတဲ့ သူငယ် လာ... လိုက်ခဲ့"

အမတ်ကြီး တစ်ယောက်သည် မုဆိုးငယ်ကို အတွင်းတော်သို့ ခေါ်ငင်သွားသည်။ ဘုရင့်သမီးတော်မှာ ရှက်လွန်းသဖြင့် ခေါင်းကို စောင်ခြုံထား၏။ ကုသပေးမည့် ဆေးသမားလာပြီဆိုသောကြောင့်သာ စောင်ကို ဖွင့်ရ၏။ ရှက်မြဲ ရှက်နေ၏။ ခေါင်းကို ငုံ့ထား၏။

မုဆိုးငယ်မှာ နောင်တရမိ၏။

... ဒါလောက် လှတဲ့သမီးတော်ကို ငါ လုပ်မိလေခြင်း...

ဟုတ်သည်။ ဘုရင့် သမီးတော်မှာ နှာခေါင်းတစ်တောင်ကျော် ရှည်နေ၏။ ဘာတွေ ဘယ်လောက်ပဲလှလှ သည်နှာခေါင်းကြီးကြောင့် လူမြင်မခံဝံ့ပါ။ အစဉ်သာ ခေါင်းမြီးခြုံထားရသည်။

မုဆိုးငယ် နောင်တရခြင်းမှာ ပန်းတော်ဆက်၏ ပန်းကုံးထဲတွင် နှာခေါင်းရှည်ပန်းတစ်ပွင့် ထည့်ပေးလိုက်မိရာ သမီးတော်မှာလည်း သည်ပန်းကုံးကိုမှ နမ်းမိပြီး နှာခေါင်းကြီးရှည်ထွက်လာ၍ ဖြစ်သည်။

mgyoe.com

mgyoe.com


သနား ကြင်နာစိတ်တွေ ဝေလျက် ငေးကြည့်နေစဉ် သမီးတော်၏ သံသာချိုအေးကို ကြားရသည်။

"ကုမှာဖြင့် ကုပါ၊ မကုနိုင်ရင်လည်း ပြန်ပါတော့"

"ကုပါမယ် သမီးတော်၊ ကုပါမယ်"

မုဆိုးငယ်သည် လျင်မြန်စွာ လှုပ်ရှား၏။

ခါးပိုက်ထဲမှ ဝါးကျည်တောက်ကို ထုတ်သည်။ အဖုံးကို ဖွင့်သည်။ သမီးတော်၏နှာဝတွင် တေ့ပေးသည်။

ကျည်တောက်ငယ်တွင်းရှိ နှာတို ပန်းရနံ့ကို သမီးတော် ရှူမိသည့် တစ်ခဏဝယ် တစ်တောင်ကျော် နှာခေါင်းကြီး တိုဝင်သွားသည်။ မိမွေးတိုင်း ဖမွေးတိုင်း နှာခေါင်းကလေးနှင့် လှပသော ရွှေမင်းသမီးကလေး ပြန်လည်ဖြစ်ပေါ်လာသည်။

မင်းသမီးကလေး ပျော်သည်။

ဘုရင်ရော မိဖုရားပါ ပျော်ရွှင်သည်။

တစ်နန်းတော်လုံးလည်း ပျော်ရွှင်နေတော့သည်။

မုဆိုးငယ်မှာ လှပသော သမီးတော်ကို မရလျှင် နေပါစေ၊ ပျော်ရွှင်နေသည့် လူတွေကို မြင်ရသည်နှင့် ကျေနပ်နေပါပြီ။ ဝမ်းသာလှပါပြီ။

❐

mgyoe.com

mgyoe.com


# မိုက်ထုံ နုံအ

ရှေးသရောအခါက ကျေးရွာတစ်ရွာတွင် **လူသူဦး** လေးယောက် ရှိသည်။ သူတို့တွင် အိမ်ခြေယာမြေ မရှိပါ။ ဘာလုပ်ကိုင် စားသောက်သည်ဟူ၍လည်း ပြောစရာ မရှိပါ။ အသုံးမကျလွန်းသောကြောင့် ရွာသူရွာသားများက သူတို့လေးယောက်အား လူမိုက်ကြီး လေးယောက်ဟု ကင်ပွန်းတပ်ထား၏။

လူမိုက်ကြီးဟု ခေါ်ရခြင်းမှာ ဤသို့ ဖြစ်၏။


မိုက်သည်ဆိုခြင်းမှာ မှောင်မိုက်နေခြင်း ဖြစ်၏။

မှောင်မိုက်နေလျှင် ဘာမျှ မမြင်ရတော့ပါ။

ဤကား အမှန်၊ ဤကား အမှား၊ ထိုအရာကား အကောင်း၊ ဤအရာကား အဆိုး၊ ဤသို့ ပြုမူပြောဆိုခြင်းကား ရှက်စရာတည်း။ ထိုသို့ ပြုမူကျင့်ကြံ ပြောဆိုခြင်းကား ကြောက်စရာပါတကားဟူ၍ မသိမမြင် နားမလည်ခြင်းသည် မှောင်မိုက်ထဲသို့ ရောက်နေသဖြင့် ဘာမျှ မမြင်ရသူနှင့် မခြားနားချေ။ ထို့ကြောင့် မှား၊ မှန်၊ ဆိုး၊ ကောင်းနှင့် အရှက်၊

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


အကြောက်ကင်းမဲ့သူအား မိုက်မဲသူ၊ သူမိုက်ဟု ခေါ်လေ့ရှိကြသည်။

အထက်ပါ လူလေးယောက်မှာလည်း ဆိုးကောင်း၊ မှန်မှား ဝေဖန်ခွဲခြားနိုင်စွမ်း မရှိသည့်အတွက် လူမိုက်ကြီးများဟု ခေါ်ကြခြင်း ဖြစ်၏။ လုံးဝသုံး၍မရသော လူ့အမှိုက်တွေ၊ အန္ဓတွေဟုခေါ်လျှင် ရင့်သီးသည့်အတွက် လူမိုက်ဟု ခေါ်ခြင်းမှာ သက်သာခွင့်ရသေး၏။

"ဟေ့... ဆာတယ်ကွာ၊ အလုပ်ကလေး ဘာကလေး ခိုင်းမယ့်လူ တွေ့လိုတွေ့ငြား ရွာထဲသွားရအောင်"

အဆိုပါ လူ့အမှိုက်ကြီး လေးယောက်သည် ရွာအပြင်ရှိ ဇရပ်ပျက် တစ်ဆောင်တွင် အိပ်စက်ကြသည်။ နံနက်လင်းသောအခါ မျက်နှာသစ် ရန် စိတ်မကူးဘဲ ထိုင်ပြီး မှိုင်နေကြစဉ် တစ်ယောက်က စတင်သောအခါ ကျန်သုံးယောက် လှုပ်ရှားလာ၏။

"ဟုတ်တယ်ကွ၊ ငါလည်း ဆာတယ်"

"အေး... ငါလည်း ဆာတာနှင့် အတော်ပဲ၊ သွားကြစို့"

"ငါလည်း မင်းတို့လိုပါပဲကွာ"

တစ်ယောက်တစ်ပေါက် ပြောအပြီးတွင် လူမိုက်ကြီးလေးယောက် သည် ရွာထဲသို့ဝင်လာကြ၏။

အိမ်အသီးသီးတွင် လူများ နိုးကြားလှုပ်ရှားနေကြပြီ။ တစ်စုံတစ်ရာ ခေါ်ယူခိုင်းစေမည့် အရိပ်အယောင် မမြင်ရ။

သို့သော် ရွာလယ်ပိုင်းသို့ အရောက်တွင် အမယ်ကြီးအိုတစ်ယောက် က အိမ်ထဲမှလှမ်းခေါ်၏။

"အတော်ပဲဟဲ့၊ နင်တို့ကို ထမင်းကျွေးမယ်၊ ထမင်းစားချင်ရင် ဟောဒီတံခါးဝက ထန်းရွက်တွေကို ဟောဟို သစ်တုံးနှစ်တုံး ပေါ်ကို ရွှေ့ပေးရမယ်၊ ဟုတ်ပြီလား"

လူမိုက်ကြီးလေးယောက်သည် ထမင်းဆာလောင်မွတ်သိပ်နေခိုက်

mgyoe.com

mgyoe.com


တွင် ထမင်းကျွေးမည့်သူပေါ်လာသဖြင့် ဝမ်းသာအားရ ခေါင်းညိတ်ပြကြ၏။ ထန်းရွက်တွေကို အလုအယက် ဆွဲကြ၏။

"ဟဲ့... ဟဲ့... ဒီလို မဆွဲရဘူး၊ အပေါ်ဆုံးက ယူရတယ်။ ငါးချပ်လောက် ထပ်ပြီး ခေါင်းပေါ်ရွက်ကြ၊ ဟုတ်ပြီ၊ ငါ့နောက်လိုက်ခဲ့ကြ၊ အေး... ဟုတ်ပြီ၊ အဲဒီမှာ ချ၊ မင်းက ဟိုဘက်က ချ၊ ဟို... သူငယ်က ဟိုဘက်ဘေးမှာ ချ၊ ဟဲ့... ဟဲ့... မင်းက ဒီပေါ်မှာ ထပ်"

အမယ်အိုကြီးသည် ထန်းရွက်များကို အောက်ခံသစ်တုံး နှစ်တုံးပေါ်တွင် ထားပုံထားနည်းပါမကျန် သေချာစွာ ပြသသည်။

လူမိုက်ကြီးများ ကျနစွာ ချထားခဲ့ပြီး နောက်တစ်ခေါက် သယ်ရန် ထွက်ခွာသွားကြသည်။ အမယ်ကြီးအိုသည် ထန်းရွက်များ စီတန်းထပ်အပြီးတွင် မည်သည့်အရာဖြင့် ဖိရပါမည်နည်း စဉ်းစားနေသည်။

"အမေကြီး၊ ဘယ်မှာထားရမတုန်း"

"ခုနက နေရာမှာ သပ်သပ်ရပ်ရပ် ထပ်ထားချေ"

ရှေ့ကလူကိုပြော၍ ပြီးခါစသာ ရှိသေးသည်။ ဒုတိယလူက ထန်းရွက်တွေ ရွက်လျက် ရောက်လာ၏။

"အမေကြီး၊ ဘယ်မှာ ထားရမတုန်း"

"ဟိုကောင် ထားတဲ့နေရာမှာ သွားထားချေ"

သို့လျှင် ရှေ့က လူနှစ်ယောက်က ညွှန်ပြနေပါလျက်နှင့် တတိယလူက လာမေးပြန်သည်။

"အမေကြီး၊ ထန်းရွက်တွေ ဘယ်မှာ ချရမှာပါလိမ့်"

"ဟဲ့... ရှေ့ကလူတွေ ချနေတာ မမြင်ဘူးလား"

အမေကြီးကိုယ်တိုင်လည်း ပြသပြီးပြီ။ ပထမနှင့် ဒုတိယ၊ တတိယလူများလည်း သွားရောက်ချထားနေကြပြီ။

သို့ပါလျက်နှင့် စတုတ္ထလူက လာပြီး မေးချေသေး၏။

mgyoe.com

mgyoe.com


"ထန်းရွက်တွေ ဘယ်မှာ ချရမှာတုန်း အမေကြီးရဲ့"

"နင့်မျက်စိ ကန်းနေသလား၊ ဟိုမှာ ချနေကြတာ မမြင်ဘူးလား"

အမေကြီးအို စိတ်မရှည်တော့ပြီ။ အပြောကြမ်းလာသည်။ တိုတောင်းသည်။ သို့ဆိုလျှင် စိတ်ကျပ်ပြည့်သူများသာဆိုလျှင် "အမေကြီး စိတ်ဆိုးနေပြီ၊ ငါတို့မေးဖို့ မလိုတော့ဘူး။ ရှေ့ကလူ ချရာမှာပဲ ချတော့မယ်" ဟူ၍ သိလိမ့်မည်။ သိသည့်အတိုင်း လုပ်လိမ့်မည်။

ယခု လူများကား စိတ်ကျပ်မပြည့်သူတွေ မဟုတ်သလော။ မစဉ်းစားတတ်၊ မသိတတ်ပေ။

"အမေကြီး၊ ထန်းရွက်တွေ ဘယ်မှာချရမတုန်း"

ပထမလူ ထန်းရွက်တွေ ရွက်လျက် ဒုတိယအခေါက် ရောက်လာ၏။ အမေကြီးအို သည်းမခံနိုင်တော့ပါ။

"ငါ့ ခေါင်းပေါ် ချဟော့၊ ငါ့ခေါင်းပေါ် ချဟဲ့"

အမေကြီးအို၏စကားအဆုံးတွင် ထန်းရွက်အထပ်ကြီးသည် အမေကြီးအို၏ ခေါင်းပေါ်သို့ ဝုန်းခနဲ ကျလာလေ၏။

"လာကြဟော့... လာကြ၊ အမေကြီးက နေရာပြောင်းပြီး အပုံခိုင်းသဟ"

ကျန်သော လူမိုက်ကြီးသုံးယောက်သည် ဝမ်းသာအားရ ပြေးလာကြသည်။ ခေါင်းပေါ်မှ ထန်းရွက်တွေကို ပစ်ချကြသည်။

အိမ်နီးချင်းများသည် ကိုယ့်အလုပ်ကို ကိုယ်လုပ်နေကြ၏။ သို့ရာတွင် အမေကြီးအိုနှင့် လူမိုက်ကြီး လေးယောက် ဆက်ဆံရေးကို မြင်ကြားနေကြရ၏။ သို့ကြောင့် အမေကြီးအိုထံ ပြေးလာကြ၏။

ပြေးလာသော်လည်း နောက်ကျသွား၏။

ထန်းရွက်အစို အချပ်နှစ်ဆယ်အောက်တွင် အမေကြီးအို အသက်ပျောက်နေလေ၏။

mgyoe.com

mgyoe.com


"ခက်တာပဲ၊ အမေကြီးကလည်း ခပ်ကြွပ်ကြွပ်၊ သည်ကောင်တွေကလည်း နည်းနည်းမှ သုံးမရ"

ရွာသူရွာသားများမှာ ညည်းတွားရေရွတ်လျက် အမေကြီး၏ ရုပ်ကလာပ်ကို အိမ်ပေါ်သို့တင်ကာ ပြင်ဆင်ကြ၏။ အချို့မှာ လူမိုက်ကြီးလေးယောက်ကို မကျေမချမ်း ငေါက်ငမ်းဆဲရေးနေကြ၏။ ထို့ကြောင့် လူကြီးတစ်ယောက်က လာရောက်ဖျောင်းဖျသည်။

"လူသတ်မှုနှင့် တရားစွဲလည်း လေးယောက်လုံး ထောင်ကျမှာပဲ။ ထောင်ကျပေမဲ့ ဘာပြုလို့ကျမှန်း သိမှာ မဟုတ်ဘူး"

ထိုသူသည် လူမိုက်ကြီးလေးယောက်၏ ရှေ့သို့သွားရောက်ရပ်သည်။ လေးယောက်သားမှာ ပူးကပ်ပြီး ထိုင်နေကြ၏။

ထမင်းဆာသော်လည်း မပြောရဲသော မျက်နှာဖြင့် မော့ကြည့်ကြ၏။

"အမယ်ကြီးအိုကို မင်းတို့သတ်တဲ့အတွက် အပြစ်ရှိသလား၊ မရှိဘူးလား"

"မရှိပါဘူး ခင်ဗျာ"

လူကြီးသည် ကန်ကျောက် ဆဲဆိုရရုံဖြင့် မကျေနပ်သေးသူများထံ လှည့်ကြည့်ပြီးမှ ဆက်လက် ငုံ့ကြည့်ကာ ပြော၏။

"မင်းတို့ဟာ လူသတ်မှုအတွက် အပြစ်ရှိတယ်၊ အဲဒါကြောင့် အမေကြီးအိုရဲ့ ရုပ်ကလာပ်ထည့်ရအောင် ခေါင်းစပ်ဖို့အတွက် သစ်ပင်တစ်ပင် သွားလှဲချေကြ၊ လှဲပြီးရင် ထမ်းယူခဲ့ကြ"

"ကျွန်တော်တို့ လင်းကတည်းက ဘာမှ မစားရသေးဘူး"

"သစ်ပင်ထမ်းလာတဲ့အခါမှာ အများကြီး ကျွေးမယ်၊ အိမ်ပေါ်မှာ ရဲတင်း၊ လှံ၊ ဓား ရှိတယ်။ မြန်မြန်ယူပြီး သုတ်သုတ်သွား၊ သုတ်သုတ်ပြန်ခဲ့ကြ၊ ကြာနေရင် အမေကြီး သတ်မှုနှင့် အဖမ်းခံရမယ်"

mgyoe.com

mgyoe.com


တိရစ္ဆာန်နီးပါး မိုက်လုံးကြီးသော်လည်း လူမိုက်ကြီးများမှာ အဖမ်းခံရမည်ကိုကား နားလည်ကြောက်ရွံ့ကြ၏။ ကြိုးကြိမ်ကိုင်စွဲ လျက်ရောက်လာသော မင်းမှုထမ်းများကို မြင်ဖူးသည်။ ရာဇဝတ်သား များကို ရိုက်နှက်ဖမ်းဆီးသွားသည်ကိုလည်း မြင်ဖူးသည် မဟုတ် သလော။

သို့အတွက် လွှနှင့် ဓား၊ ရဲတင်း၊ ပုဆိန်များပံ့ပိုးလျက် လူမိုက်ကြီး လေးယောက်သည် တောစိမ်းစိမ်းရှိရာသို့ဝင်လာကြသည်။ ရွာနှင့် များစွာ မဝေးသောနေရာအရောက်တွင် ကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲရန် ရွေးချယ်လိုက်ကြသည်။ ထိုအပင်ကြီး လဲကျလာလျှင် လေးယောက်အားဖြင့် ထမ်းနိုင်၊ မထမ်းနိုင်ကိုကား မတွေးတောကြပေ။

သို့ဖြင့် သစ်ပင်ကြီးကို လွှဖြင့် တိုက်ဖြတ်တော့သည်။

လူသုဦးလေးယောက်သည် သစ်ပင် လှဲဖူးသူများ မဟုတ်ပေ။

သူတစ်ပါး လုပ်သည်ကို သေချာကျနစွာ လေ့လာဖူးသူလည်း သူတို့အထဲ၌ မပါပေ။ မပါသဖြင့် ရဲတင်းကို မည်သို့သုံးရမည်၊ သပ်ကို မည်သည့်အခါ၌ နှက်ရမည် မသိချေ။ ရမ်းသမ်းပြီး လွှာဖြင့် တိုက်ဖြတ် နေသည်။

မလုပ်တတ်ဘဲ လုပ်သည့်အတွက် အလုပ်မတွင်ပါ။ မတွင်ရုံမက လွှကြီးပါ ကျိုးသွားတော့သည်။ သို့အတွက် ရဲတင်းဖြင့် ခုတ်သည်။ သစ်ပင်ကား မလဲသေးချေ။

"သစ်ပင်ကလည်း မလဲသေးဘူး၊ ထမင်းဆာလှပြီ၊ ကြံကြပါဦး"

တစ်ယောက်က စလိုက်သဖြင့် ကျန်လူများလည်း ထမင်း ဆာရ မှန်း သိလာကြသည်။

"လေတိုက်ရင် သစ်ပင် မြန်မြန်လဲမှာကွ၊ စပါးလှေ့တဲ့လူတွေ စပါးလှေ့နေတုန်းမှာ လေလာစေချင်ရင် လေချွန်တာ မြင်ဖူးသကွ။ တို့ထဲ

mgyoe.com

mgyoe.com



က တစ်ယောက် သစ်ပင်ပေါ်တက်ပြီး လေချွန်ကွာ"

"ဒါဖြင့် မင်းပဲ လုပ်ကွာ"

ကျန်လူများက ဒုတိယလူအား တာဝန်ပေးကြသည်။ ဒုတိယလူသည် သစ်ပင်ထိပ်ဖျားသို့ တက်ပြီး တရှူးရှူးဖြင့် လေချွန်သည်။

ရဲတင်းဖြင့် ခုတ်သူကလည်း အားကြိုးမာန်တက် ခုတ်သည်။

"လှုပ်လာပြီဟေ့ လှုပ်လာပြီ၊ မြေကြီးပေါ်ကျသွားရင် အထမ်းရခက်နေမယ်။ အခုကတည်းက တစ်ယောက်က ကြိုပြီး ထမ်းထားကွ"

လေချွန်သူ ပြောသည့်အတိုင်း တစ်ယောက်က ပင်စည်ကို ပခုံးဖြင့် ကပ်ထားသည်။

"ဟုတ်ပြီဟေ့၊ ခုတ်... ခုတ်"

သစ်ပင်ကြီးသည် ဖျစ်ဖျစ်မြည်လျက် တဖြည်းဖြည်း လဲသည်။ အရှိန်ရလာချိန်၌ ဝေါခနဲ အော်မြည်လျက် လဲကျသည်။ သို့သော် သစ်ပင်ထမ်းရန် အသင့်ပြင်နေသူမှာ သစ်ပင်ပိသဖြင့်သေပြီ။ ထိပ်ဖျားသို့တက်ပြီး လေချွန်သူလည်း သေပြီ။

နှစ်ယောက်သာ ကျန်တော့သည်။

ကျန်နှစ်ယောက်သည် သူငယ်ချင်းနှစ်ယောက် သေသည်ကို သေသည်ဟု မသိကြပေ။

"ထမင်းဆာပါတယ်ဆိုမှ မင်းတို့က အိပ်နေရသေးသလား ကွာ"

ကျန်နှစ်ယောက်သည် ညည်းညည်းညူညူဖြင့် ထိုင်စောင့်နေကြသည်။

အိပ်နေသည်ဟု ထင်လျှင် နှိုးရန်သာ ရှိသည်။ ယခုမူ အိပ်နေသူနိုးထစေလိုပါက နှိုးရသည်ဟူ၍လည်း မသိကြပေ။ မသိသည့်အတွက် ထိုင်စောင့်နေကြခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com



အချိန်သည် လျင်မြန်စွာ ကုန်ဆုံးခဲ့၏။

"တကယ်လည်း အအိပ်ကြီးတာပဲကွာ၊ ထမင်းဆာလှပြီ"

"အေးကွ၊ ငါလည်း ဆာတာပဲ"

ညနေစောင်းပြီ။ မုဆိုးတစ်ယောက်သည် သားငှက်များ ထမ်းလျက် ထိုနေရာမှ ဖြတ်သွားသည်။

လဲနေသော သစ်ပင်၊ လူသေ နှစ်လောင်း၊ ရှုံ့မဲ့လျက် ထိုင်နေသူနှစ်ယောက်။ လူသေကို သယ်ပိုးရန် ပြင်ဆင်နေခြင်းလည်း မရှိချေ။

"မိတ်ဆွေတို့၊ ဘာလုပ်နေကြတာတုန်း"

"သစ်ပင်လှဲတာဗျာ၊ အလုပ်မပြီးသေးဘဲနှင့် အိပ်နေကြတယ်ဗျာ၊ တော်တော် အပျင်းကြီးတဲ့ကောင်တွေ၊ သူတို့ မနိုးသေးလို့ ကျုပ်တို့မှာ ထိုင်စောင့်နေရတာ"

တစ်ယောက်က ပြန်ဖြေ၏။ မုဆိုးမှာ လွန်စွာ အံ့ဩရ၏။ လူသေတွေ အနီးသို့ ချဉ်းကပ်စူးစမ်း၏။

အမှန်ပင် အိပ်ပျော်နေသလော သိသာရန်အတွက် ဖြစ်ပေသည်။ အိပ်နေသူ မဟုတ်ပါ။ အမှန်ပင် သေသူတွေ ဖြစ်သည်။ ရုပ်လက္ခဏာများ ယိုယွင်းနေပြီ။ အပုပ်နံ့ပင် မသိမသာ ထွက်စပြုပြီ။

"အင်း... တယ်ခက်တဲ့လူတွေပဲ၊ အဲသည်နှစ်ယောက်ဟာ အိပ်ပျော်နေတာ မဟုတ်ဘူး၊ သေနေတာဗျ"

"သေတယ် မသေဘူး ဘယ်လိုလုပ်ပြီး သိသတုန်း"

လျှာရှည်၍များပင် နေချေသေး၏။

"သေလို့ ပုပ်တောင်နေပြီ၊ မယုံရင် အနားလာပြီး အနံ့ခံ ကြည့်ကြပေါ့ မိတ်ဆွေတို့ရာ"

"ဟုတ်လား၊ သေရင် ပုပ်သလား"

မုဆိုးသည် သည်မျှ တုံးနုံ အဖျင်း မိုက်သူများနှင့် ကြာကြာနေလျှင်

mgyoe.com

mgyoe.com



ရှုးသွားနိုင်ကြောင်း သဘောပေါက်သဖြင့် လျင်မြန်စွာ ကျောခိုင်း ထွက်ခွာသွားလေတော့၏။

လူမိုက်ကြီး နှစ်ယောက်သည် ငေးမောကျန်ရစ်ခဲ့ကြသည်။ အတန်ကြာမှ တစ်ယောက်က စကားစ၏။

"သေတယ်ဆိုတာဟာ အသက်ပျောက်တာကွ၊ အသက်မရှိရင် ငါတို့သူငယ်ချင်းဘဝက ထွက်ခွာသွားတာပဲ"

"ဒါ ဖြစ်နိုင်တယ်၊ သူတို့ဘေးမှာ ဆက်ပြီး ထိုင်နေလို့ အကျိုးရှိမှာ မဟုတ်ဘူးကွ၊ သွားကြစို့"

"မင်း... တော်တယ်ကွ၊ ထိုင်နေလို့ ထမင်းစားရမှာ မဟုတ်ဘူး"

လူမိုက်ကြီး နှစ်ယောက်သည် မှောင်ရီသန်းလာစ တောအုပ်ထဲမှ လျင်မြန်စွာ ထွက်ခွာလာကြ၏။

သူတို့သည် ဓား၊ ပုဆိန်၊ ရဲတင်းတွေကို ထမ်းလာကြ၏။

အမယ်အို သတ်မှုဖြင့် အဖမ်းခံရမည်ကိုလည်း မကြောက်ရွံ့ကြတော့ပါ။

လှည်းလမ်းကြောင်းအတိုင်း လျှောက်လာကြစဉ် ရှေ့မှ သွားသူက လေလည်လေ၏။ ထိုလေလည်သော အနံ့ကို ကာယကံရှင်လည်း ရှူမိ၏။ နောက်မှ ပါလာသူလည်း ရှူမိ၏။

"ဟာ... အပုပ်နံ့ ထွက်သဟေ့"

"ဟုတ်တယ်ဟေ့၊ မင်းနဲ့ ငါရဲ့ကိုယ်က ထွက်တာပဲ။ လက်စသတ်တော့ မင်းနဲ့ ငါလည်း သေပါပြီကော"

"အေးကွ၊ သေတဲ့လူဟာ အခုလို မတ်တတ်ရပ်နေလို့ မတော်ဘူးကွနော်၊ ဟိုကောင်တွေလို ပက်လက်လှန် အိပ်နေမှ ဖြစ်မယ်"

လူမိုက်ကြီးနှစ်ယောက်သည် လှည်းလမ်းကို ကန့်လန့်ဖြတ်လျက် လှဲအိပ်နေလိုက်ကြလေတော့၏။

mgyoe.com

mgyoe.com



ထိုအချိန်တွင် မလှမ်းမကမ်းဘက်မှ ခလောက်သံ ပေါ်လာ၏။ ခလောက်သံမှာ နွားခလောက်သံ မဟုတ်။ ဆင်ခလောက်သံဖြစ်၏။

ဆင်ယဉ်တစ်ကောင်သည် ခလောက်သံ တညံညံဖြင့် လှည်းလမ်းကြောင်းအတိုင်း လာနေ၏။ ဆင်ပေါ်တွင် ဆင်ဦးစီး ပါသည်။ ဆင်ဦးစီးသည် ကန့်လန့်ဖြတ် အိပ်နေသူနှစ်ယောက်ကို မြင်သဖြင့် လှမ်းအော်သည်။

"ဖယ်ကြနော်၊ ဖယ်ကြ၊ ဆင် မျက်စိနောက်ရင် ချွန်း မနိုင်ဘူး"

လမ်းပေါ်မှ လူနှစ်ယောက်ကား မလှုပ်ချေ။

"ဟိုရှေ့က လူတွေ၊ အော်နေတာ မကြားဘူးလား။ လူလုံး စင်စစ်က လူပြား ဖြစ်သွားချင်သလား"

"ငါတို့သေနေတာကွ၊ လူသေဆိုတာ ထမရပ်ရဘူး"

ဆင်ဦးစီးမှာ အံ့သြမိသည်။ သေသောက်ကြူးတွေလော၊ သူရူးတွေ လော တွေးလျက် ကွေ့သွားရန် အကြံရ၏။

သို့ရာတွင် ဝဲယာတွင် ဝါးရုံတောတွေ၊ သစ်ပင်ကြီးတွေ ပိတ်နေသည်။

"ဟာ... တယ်ခက်ပါကလား၊ ဟေ့... လူတွေ၊ ဆင်လာနေတယ်"

"ငါတို့က လူသေတွေပါလို့ ဘယ်နှခါပြောရမှာတုန်း"

ဆင်ဦးစီးသည် ဆင်ကို အသာရပ်သည်။ ချွန်းကိုကိုင်လျက် ခုန်ဆင်းလာသည်။ လူသေနှစ်ယောက်ထံသို့ ပြေးလာသည်။

"ဒါလောက် သေချင်တဲ့ကောင်တွေ တကယ် သေပေတော့ ဟေ့"

ပြောပြောဆိုဆို ချွန်းဖြင့် ထိုးသည်။

"အမယ်လေးဗျ... အမလေး... နာတယ်ဗျ၊ နာလှချည်ရဲ့လေး"

ပထမလူက ထပြေးသောအခါ အဖော်လည်း ရောယောင်ပြီး ထပြေး လေတော့သည်။

mgyoe.com

mgyoe.com


"ဘာကောင်တွေလဲကွ ဟေ၊ သေနေတဲ့လူက ဘာပြုလို့ ထပြေးရသတုန်း"

လူမိုက်ကြီး နှစ်ယောက်မှာ ဆင်ဦးစီး လက်ထဲရှိ ချွန်းကို တအံ့တသြ ကြည့်နေမိကြသည်။ အချင်းချင်း တီးတိုးပြောသည်။

"အတော်စွမ်းတဲ့ လက်နက်ပါကလား၊ မင်းနှင့် ငါ သေနေတာကို ရှင်အောင်လုပ်နိုင်တယ်ကွ"

"အဲဒီလက်နက်သာရရင် မင်းနဲ့ငါ သည်တစ်သက် မဆင်းရဲဘူး"

သူတို့သည် ဆင်ဦးစီးရှေ့တွင် ဒူးတုပ်လျက် ထိုင်ကြ၏။

"ဟေ့ကောင်တွေ၊ ဘာ ရှုပ်ဦးမလို့တုန်း"

"အစ်ကို့ လက်ထဲကဟာကို ဘာခေါ်သတုန်းဗျာ"

"ချွန်း ခေါ်တယ်၊ ဒါလောက်ကလေးမှ မသိကြဘူးလား၊ လူရှုပ်တွေ"

"အဲဒီချွန်းကို ကျွန်တော်တို့ရဲ့ ဓားမ၊ ပုဆိန်၊ ရဲတင်းနှင့် လဲလှယ်ပါလား အစ်ကိုရယ်"

ချွန်းတစ်လက်၏ တန်ကြေးသည် ဓားမတစ်ချောင်း၏ တန်ကြေးကိုပင် မမီချေ။ သို့ပါလျက်နှင့် ဓားသာမက ပုဆိန်နှင့် ရဲတင်းပင် အပိုပါသေးရာ ဆင်ဦးစီးသည် ချက်ချင်းလဲလှယ်လိုက်ကာ တရွေ့ရွေ့ မောင်းနှင်ထွက်ခွာသွားလေ၏။

လူမိုက်ကြီးနှစ်ယောက်သည် သေသူအား ပြန်လည်ရှင်စေသော လက်နက်ဆန်းကြီးရသဖြင့် အလွန် ဝမ်းသာနေကြ၏။ ဝမ်းသာသဖြင့် ထမင်းဆာသည်ပင် မေ့ပျောက်သွား၏။ ကျေးရွာတစ်ရွာရွာ ရှိလောက်သည့်ဘက်သို့ မှန်းဆလာကြရင်းက မှောင်လာသဖြင့် ကြုံရာရောက်ရာတွင် အိပ်စက်နေကြရသည်။

ဆာလောင်သော ဝေဒနာနှိပ်စက်ရကား လူမိုက်ကြီးများမှာ မိုးစင်

mgyoe.com

mgyoe.com



စင်မလင်းမီ နိုးလာကြသည်။ ထူးဆန်းသော လက်နက်ကြီးကိုင်လျက် ခရီးဆက်ကြသည်။

နေထွက်တပြူတွင် ရွာတစ်ရွာသို့ရောက်လာကြသည်။ အခန့်သင့်ပင် ရွာဦး၌ အသုဘအိမ်ကို တွေ့ကြရသည်။

အသုဘနှင့် စပ်လျဥ်းသူများသည် စောစီးစွာ ထငိုနေကြသည်။

လူမိုက်ကြီးနှစ်ယောက်သည် ငိုနေသူများထံသွားသည်။ "အမောင်တို့၊ အမိတို့ ငိုမနေကြနှင့်။ သေသူကို ရှင်အောင် လုပ်ပေးမယ်" ပြောကြသည်။

"အမယ်လေး... ကျေးဇူးရှင်ကြီးတို့ရယ်၊ လိုချင်ရာပေးပါမယ်။ လုပ်ပါ၊ ရှင်အောင် လုပ်ပေးပါ"

"ဘာမှမလိုချင်ပါဘူး၊ ထမင်း စားရရင် တော်ပါပြီ"

"ကြွပါ... ကြွပါ"

ဟုတ်လောက်၏ မဟုတ်လောက်၏၊ ဖြစ်နိုင်၏ မဖြစ်နိုင်၏ မစဥ်းစား မတွေးတောနိုင်တော့ပါ။ ရုပ်ကလာပ်ဘေးသို့ လူမိုက်ကြီးနှစ်ယောက်ကို အားကိုးတကြီး ပင့်ဆောင်လာကြသည်။

လူမိုက်ကြီးတစ်ယောက်သည် သူအားကိုးသော လက်နက်ဖြင့် အသုဘ၏ရင်ဝကို ထိုးလိုက်သည်။ အပုပ်ရည်တွေ ထွက်ကျလာသည်။

"ပေးစမ်းပါကွာ၊ မင်းလုပ်ပုံ နေရာမကျလို့ပါ"

အဖော်လူမိုက်ကြီးက ထူးဆန်းသောလက်နက်ကို လှမ်းယူသည်။

လူသေကောင်ကို "ကဲကွာ... ကဲကွာ" မာန်သွင်းလျက် ဆင့်ကာဆင့်ကာ ထိုး၏။ ဝမ်းဗိုက်ကို ထိုးခြင်းဖြစ်သဖြင့် အပုပ်ရည်တွေ ဒလဟောစီးဆင်း၏။ တစ်အိမ်လုံး အပုပ်နံ့ လွှမ်း၏။

"အမယ်လေး... အခုမှ ရုပ်ပျက် ဆင်းပျက်ဖြစ်ပါရော့လား"

မသာပိုင်ရှင်က အော်ဟစ်ငိုယိုသည်။

mgyoe.com

mgyoe.com



မသာ၏အမျိုးအဆွေများ အပြေးအလွှား ရောက်လာကြသည်။

"လူယုတ်မာတွေ၊ သက်သက်မဲ့လာပြီး အရှက်ခွဲတာ"

တစ်ယောက်တစ်ပေါက်ပြောရာက ဝိုင်းဝန်းရိုက်နှက်ကြတော့သည်။ လူမိုက်ကြီးနှစ်ယောက်မှာ အော်ဟစ်ပြေးလွှားကြသော်လည်း ပြေးလမ်း မသာပါ။ ဒေါသတကြီး ဆဲရေးသံ၊ ကြောက်လန့်တကြား အော်ဟစ်သံများကြောင့် ရွာမိရွာဖတွေ ရောက်လာကြသည်။ တားဆီးကြသည်။

အကျိုးအကြောင်း မေးမြန်းသိရှိပြီးနောက် ဒဏ်ရာ ဗရပွဖြစ်နေသော လူမိုက်ကြီး နှစ်ယောက်အား စစ်ဆေးသည်။

"သေတဲ့လူကို ရှင်အောင်လုပ်တဲ့ပစ္စည်းသည် လောကမှာ မရှိဘူးဆိုတာ မင်းတို့ မသိကြဘူးလား"

"ကျွန်တော်တို့နှစ်ယောက် သေနေတာကို လူတစ်ယောက်က ဟောဒါနှင့်ထိုးတာ ရှင်လာပါတယ်"

လူသုဦးများက ချွန်းကို ပြ၏။

"အဲဒါ ဆင်ကိုအုပ်တဲ့ ချွန်းပဲ၊ မင်းတို့ ရှင်တယ်ဆိုရာမှာလည်း မသေသေးလို့ ရှင်လာတာပဲ။ အဲဒါကြီးကို ကမ္ဘာ့ဌာန်းကောင်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဘာပြုလို့ ထိုးရသတုန်း"

"လူသေ ရှင်လာရင် ထမင်းစားရမလားလို့ လုပ်မိပါတယ်"

လူအများမှာ ငိုအားထက် ရယ်အားသန်နေကြ၏။ မေးလေလေ၊ စစ်ဆေးလေလေ ကျပ်မပြည့်သော လူသုဦးတွေဖြစ်ကြောင်း ပေါ်လေလေဖြစ်၏။ သို့အတွက် ထမင်းကျန် ဟင်းကျန်များ ရှာဖွေကျွေးကြရ၏။

အသုဘအိမ်မှ ထိုသူနှစ်ယောက် ထွက်ခွာခါနီးတွင် လူတစ်ယောက်က သညာပေးလိုက်၏။

mgyoe.com

mgyoe.com


"ထမင်းစားချင်ရင် အခုလို မလုပ်ရဘူး။ အသုဘအိမ် တွေ့ရင် သူ့အမျိုးလိုလို၊ ကိုယ့်အမျိုးလိုလို ဝင်ပြီးသာငို၊ ထမင်းစားရမှာ သေချာတယ်။ ဟုတ်ပြီလား၊ သေသေချာချာ မှတ်သွားကြ"

လူမိုက်ကြီး နှစ်ယောက်သည် ဗိုက်လေးလေးဖြင့် ထွက်လာကြသည်။ လမ်းလျှောက်ရ၍ ပင်ပန်းလာချိန်တွင် တစ်နေရာ၌ ထိုးအိပ်ကြသည်။ ညနေစောင်း၍ အိပ်ရာမှ နိုးလာချိန်ဝယ် ဆာလောင်လာချေပြီ။ သို့အတွက် အိမ်ခြေ အစအန မြင်ရသည့်ဘက်သို့ သုတ်ခြေတင်ကာ လှမ်းလာကြသည်။

ရွာတစ်ရွာထဲသို့ လူမိုက်နှစ်ယောက် ဝင်လာသည်။ လူစုစုရှိမည့် မသာအိမ်ကို ရှာဖွေကြသည်။

ရွာလယ်အရောက်တွင် လူစုစုနှင့် မဏ္ဍပ်ကို မြင်ရသည်။ မဏ္ဍပ်တွင် ပန်းတွေ ဆင်ထားသည်။ လူတွေ ရယ်မောလျက် ဝတ်သစ်စားသစ်များ ဝတ်လျက် ဝင်သူဝင်၊ ထွက်သူထွက်။

ထိုအရာသည် အသုဘအိမ် မဟုတ်။ ထိမ်းမြားမင်္ဂလာဆောင်နှင်းပွဲ ကျင်းပနေသည့် မင်္ဂလာဆောင်အိမ် ဖြစ်သည်။

"အမယ်လေး... သမီးရေ... သမီးရဲ့၊ အဖေ ဘယ်လိုဖြေရပါမတုန်း"

လူမိုက်ကြီးတစ်ယောက်သည် မင်္ဂလာလော၊ အမင်္ဂလာလော မခွဲခြားပါ။ ပရိသတ်အလယ်တွင် ရင်ထုပြီး ငိုလေ၏။ ကျန်တစ်ယောက်ကလည်း ငေးငိုင်မနေပါ။

"လတ်လတ်ဆတ်ဆတ်ကြီး သေသွားတော့ အမယ်လေး... မပစ်ရက်စရာပါကလား သမီးကလေးရဲ့"

"ဟင်... စော်စော်ကားကား ဖျက်လိုဖျက်ဆီး ဘာတွေတုန်းဟေ့"

ရွှေပွဲလာပရိသတ်မှာ မှင်တက်မိသွားသည်။ သတိရချိန်ဝယ်

mgyoe.com

mgyoe.com


လက်သီးလက်ဝါးတွေ၊ ဒူးတွေ၊ ဖနောင့်တွေ ပို့လွှတ်ကြ၏။

သို့ရာတွင် ဤနေရာမျိုးတွင် ဤသို့ လာရောက်လုပ်သူများသည် မလိုမုန်းထားစိတ်ဖြင့် လာသူများ မဟုတ်နိုင်။ ကောင်း၊ ဆိုး၊ မှား၊ မှန် ဤနှစ်တန်ကို မသိသော သူမိုက်များသာ ဖြစ်ရမည်ဟု ဆင်ခြင်မိသူများက ဝင်ရောက်တားဆီးသည်။ လူရှင်းရာနေရာသို့ လူသုဉ်းများကို ဆွဲခေါ်ခဲ့သည်။

"မင်္ဂလာယူနေတဲ့ ဒီလိုအချိန်မျိုးမှာ မင်္ဂလာမရှိတဲ့ အပြုအမူ၊ အပြောအဆိုကို ရှောင်ရမယ်ဆိုတာ နင်တို့ မသိဘူးလား"

ရပ်မိရပ်ဖ တစ်ယောက်က စူးစမ်း အကဲခတ်ရင်း မေး၏။

"လူစုစုဖြစ်ရင် အသုဘပဲ၊ အသုဘ ဝင်ပြီး ရောနှောဝိုင်ရင် ထမင်းစားရတယ်လို့ လူတစ်ယောက်က မှာလိုက်လို့ပါ"

"ထမင်းစားချင်လို့ ဟုတ်စ"

"ဟုတ်ပါတယ်၊ မှန်ပါတယ်"

"အေး... ထမင်းစားချင်ရင် ရွှင်ရွှင်လန်းလန်းနှင့် ဝမ်းပန်းတသာ ရယ်မောရတယ်။ ပန်းကလေးတွေက လှလိုက်တာ၊ ငှက်ကလေးတွေ မြည်ကြွေးတာက သာယာလိုက်တာ အစရှိသည်ဖြင့် မင်္ဂလာရှိတာတွေ လုပ်ရသကွယ့်"

ထိုခဏတွင် လူမိုက်ကြီးနှစ်ယောက်သည် လက်ခုပ် လက်ဝါးတီးပြီး ရယ်မောကြ၏။ လူကြီး ပြောသလို လျှောက်ပြောကြ၏။

"ကဲ... ကဲ... တော်ကြတော့၊ တစ်ယောက်ကို တစ်ထုပ်ယူသွား၊ စားချင်တော့မှ ဖြေပြီးစားကြ၊ ကဲ... သွား... သွား"

လူသုဉ်း သုည ငဗာလ နှစ်ယောက်သည် စားစရာအထုပ် ကိုယ်စီဖြင့် ထွက်လာကြသည်။ ဇရပ်တစ်ဆောင်တွင် နားနေ စားသောက်ပြီးနောက် နှစ်ခြိုက်စွာ အိပ်ကြလေသည်။

mgyoe.com

mgyoe.com


နောက်တစ်နေ့နံနက်တွင် သူတို့နှစ်ယောက်သည် ခြေဦးတည့်ရာသို့ ထွက်လာခဲ့ကြပြန်သည်။ ရွာတစ်ရွာကို လှမ်းမြင်သောအခါ "အတော်ပဲဟေ့၊ မင်္ဂလာဆောင် ရှိလိုရှိငြား ဝင်ကြည့်ကြစို့" ဟု တစ်ယောက်က ပြော၏။

"သူငယ်ချင်း အကြံကောင်းတယ်၊ ဆာနေတာနဲ့ အတော်ပဲကွ"

ရွာထဲတွင် မင်္ဂလာဆောင် မရှိ။ အသုဘ မရှိ။ လူမိုက်ကြီးနှစ်ယောက်သည် စိတ်ပျက်စွာဖြင့် ရွာလမ်းကုန်အောင် ဆက်လက်လျှောက်လာကြသည်။ ရွာဆုံးခါနီးတွင် လူစုလူအုပ်တစ်ခုကို လှမ်းမြင်ရသည်။ လူမိုက်ကြီးတွေ ဝမ်းသာအားရ ပြေးသွားကြသည်။

လင်မယား ရန်ဖြစ်နေကြခြင်း ဖြစ်သည်။ အော်ကြီးဟစ်ကျယ် ဆဲဆို ရန်ဖြစ်သည်။ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ကြသည်။ သို့အတွက် အိမ်နီးချင်းတွေ၊ လူကြီးသူမတွေ လာရောက်ဖျန်ဖြေနေသည်။

"ဟော့... ဟော့၊ မင်္ဂလာဆောင်လား မသာလား၊ လေ့လာဦးလေ"

နောက်မှ လူက သတိပေးသည်။ ရှေ့မှလူကား စုံစမ်းလေ့လာမနေတော့ဘဲ လူအုပ်အလယ်သို့ ပြေးဝင်သွားသည်။ လက်ခုပ်လက်ဝါးတီးပြီး အားရပါးရ ရယ်မောသည်။

"ဘယ်လောက် သာယာလိုက်တဲ့ ငှက်မြည်သံလဲဗျာ၊ ကြည့်စမ်းပါဦး၊ လှလိုက်တဲ့ ပန်းကလေးတွေ"

"ဟုတ်ပါ့ဗျာ၊ တိမ်ကလေးတွေ လွင့်နေလိုက်တာ။ လိပ်ပြာကလေးတွေ ပျံဝဲနေလိုက်တာ"

လူအုပ်ကြီးမှာ အံ့အားသင့်နေကြ၏။ ရန်ဖြစ်နေသော အိမ်ရှင်ယောကျ်ားကား အံ့အားသင့်မနေပါ။ ဆံပင်ဆွဲပြီး လက်သီးဖြင့်ထိုးသည်။

"သည်မှာ လင်မယား ရန်ဖြစ်နေတာ၊ သရော်ဦးကွာ၊ သရော်ဦးကွာ"

mgyoe.com

mgyoe.com


မယားကလည်း "သည်မှာ နင့်အဖေနှင့် ရန်ဖြစ်နေတာဟဲ့၊ လှလိုက်ဦးဟဲ့ ပန်းကလေးတွေ၊ ဝဲလိုက်ဦးဟဲ့ လိပ်ပြာကလေးတွေ" ပြောကာ... ပြောကာ တုတ်ဖြင့် ရိုက်သည်။

လင့်အပေါ်တွင် ထားရှိသော မယား၏ဒေါသ၊ မယားကို အကြောင်းပြုကာ ဖြစ်ပေါ်နေသော လင်၏ဒေါသတို့သည် ထိုသူနှစ်ယောက်ထံ စုပြုံကျရောက်၏။ တစ်ခဏအတွင်း သွေးအလိမ်းလိမ်း ဖြစ်ကုန်ကြ၏။ မှင်တက်မိနေသော လူများလည်း သတိရလာသည်။ ပြေးလွှားဆွဲလွှဲကြသည်။

"တယ်မိုက်ကြပါကလား၊ မသေတာ ကံကောင်းပဲ"

"မင်းတို့ ဘယ်ကတုန်း၊ ဘာတုန်း"

"ဘာပြုလို့ အဲဒီလို လုပ်ကြရတာတုန်း"

တစ်ယောက်တစ်ပေါက် ညည်းညူမေးမြန်းကြသည်။

"ထမင်း စားချင်ရင် လူစုလူဝေးရှိတဲ့နေရာဝင်ပြီး ရယ်မောရတယ်။ လှပသာယာတာတွေ ပြောရတယ်လို့ ဟိုဘက်ရွာက လူတွေက ပြောလိုက်လို့ပါ"

"ဟုတ်ပါတယ် ခင်ဗျာ၊ သရော်တာ မဟုတ်ပါဘူး"

လူအုပ်ကြီးအတွက် ကြီးစွာသော ရယ်ပွဲကြီး ဖြစ်သွားလေ၏။

ရယ်သံများ စဲသွားလျှင် လူကြီးတစ်ယောက်က ဆုံးမစကား ပြော၏။

"အခုဥစ္စာက ရန်ဖြစ်နေတာကွယ့်၊ ဒါမျိုးတွေ့ရင် နင်တန်၊ နင်တန်ဆိုပြီး ဖျန်ဖြေရတယ်။ ဒါမှ သဘောကျပြီး ထမင်းကျွေးမှာပေါ့"

တစ်ယောက်က ဆုံးမသောအခါ အခြားတစ်ယောက်ကလည်း...

"မင်းတို့ကြည့်ရတာ စိတ်နဲ့ပုံ မပေါ်ပါဘူး။ သည်တော့ မသေမချင်း မှတ်ထား၊ တိုက်ခိုက်သတ်ပုတ်နေရင် ဒေါသဖြစ်တာ မကောင်း

mgyoe.com

mgyoe.com


ဘူး။ ခင်ဗျားကလည်း တော်၊ ခင်ဗျားကလည်း တန်လို့ ပြောပြီး ရန်ငြိမ်းအောင် လုပ်ရတယ်"

ထို့နောက် ရွာသူရွာသားများသည် ထမင်းဟင်းများကို ရွာလယ်ဇရပ်သို့ ပို့ပေးကြ၏။ ရွာလူကြီးများက ထိုထမင်းအချို့ကို လူမိုက်ကြီးနှစ်ယောက်အား ကျွေးသည်။ ပိုလျှံသမျှကို ဖက်ဖြင့် ထုပ်ပေးလိုက်ကြသည်။ လူမိုက်ကြီးနှစ်ယောက် ရွာထဲမှ ထွက်သွားချိန်ဝယ် တသောသောရယ်မောသံများ တစ်ရွာလုံး ညံစာလျက် ကျန်ရစ်ခဲ့လေတော့၏။

ထိုရွာသားများ၏ ရယ်မောသော ပါးစပ်များသည် နောက်တစ်နေ့တွင်ကား "ဖြစ်မှ ဖြစ်ရလေတယ်" "အို... သနားစရာကောင်းပါဘိ" ဟု ရေရွတ်သော ပါးစပ်များအဖြစ်သို့ ပြောင်းလဲသွားလေ၏။

အကြောင်းသော်ကား လူမိုက်ကြီးနှစ်ယောက်မှာ နောက်နေ့တွင် အူပွင့်လျက် ရုပ်ပျက်ဆင်းပျက် အသက်ထွက်ကုန်သောကြောင့်ပေတည်း။

လူသုဉ်း သုည ဗာလ နှစ်ယောက်သည် ထမင်းထုပ် ကိုယ်စီဆွဲလျက် ရွာထဲမှ ထွက်လာကြသော်လည်း ဝေးဝေးမသွားပါ။ ဗိုက်လေးနေသဖြင့် မျက်တောင်စင်းနေကြပြီ။ သို့အတွက် သုသာန်ဇရပ်သို့ ဝင်အိပ်ကြသည်။ အိပ်ရာမှ နိုးသောအခါ စားစရာက အသင့်။ ထမင်းထုပ်ကို ဖြေစားပြီး ဆက်လက် အိပ်ကြပြန်ရာ နောက်တစ်နေ့ နံနက်လင်းတော့မှ နိုးကြတော့သည်။

အိပ်ရာမှ နိုးလျှင် နိုးချင်း ဦးစွာပေါ်လာသော ပြဿနာမှာ ဆာလောင်ခြင်း ဖြစ်သည်။

သို့အတွက် "ဘယ်အရပ်မှာ စားစရာရပါမလဲ" စိတ်ကူးလျက် သုသာန်တွင်းမှ ထွက်လာကြသည်။

သုသာန်စပ်တွင် ကျွဲတစ်အုပ် ရှိသည်။

ကျွဲအုပ်အလယ်တွင် ကျွဲနှစ်ကောင် သဲကြီးမဲကြီး ခတ်နေသည်။

mgyoe.com

mgyoe.com


"ရန်ဖြစ်နေကြတယ်ဟေ့၊ စားပေါက်စားလမ်း ကြုံတာပဲ"

"ကောင်းတယ်ဟေ့၊ ငါလည်း ကူမယ်"

လူမိုက်ကြီးနှစ်ယောက်သည် ကျွဲနှစ်ကောင်ထံ ပြေးသွား၏။

"ငမည်းကြီးက ဒါလောက် ဒေါသမကြီးနှင့်လေ"

"ဟုတ်ပါတယ် ချိုကားကြီးရယ်၊ ဒေါသရှေ့ထား မှားတတ်ပါတယ်"

သို့ရာတွင် ငမိုက်သား နှစ်ယောက်မှာ မိမိတို့ ပြောလိုသော စကားများ မပြီးဆုံးမီပင် အူပွင့်သေဆုံးသွားကြလေတော့သတည်း။

❒

mgyoe.com

mgyoe.com


# နန္ဒိမိတ္တ လူစွမ်းကောင်း

"ခမည်းတော် ကာကဝဏ္ဏမင်း တစ်ဘဝလင်းပြီမို့ ဒုဋ္ဌဂါမဏိမင်း နန်းမတက်မီ အစွမ်းထက်တဲ့ သူရဲတစ်ကျိပ်တို့ကို မူမလွဲ အစိတ်စိတ် သရုပ်သကန် ချီရအောင် ကနုတ်မှန်စီတဲ့ ဆိုင်းနရားပျံက ဝိုင်းသွားအသံနှင့် ခြွေအသည်းဆွတ်ရအောင် ကိုင်း... ရွှေနှဲအထွတ် ဖွင့်လိုက်ပါဦး အသုံးတော်ခံ"

သူရဲကောင်း မိတ္တအခန်းကို ဤကဲ့သို့ အစချီထားသော "ဒုဋ္ဌဂါမဏိ ကွက်စိပ်" မှ ထုတ်နုတ်လျက် စကားပြေဖြင့် ဖော်ပြပါမည်။

## (၁)

လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်အချိန်က လင်္ကာဒီပ သီဟဠကျွန်းတွင် အနုရာဓမြို့ ရှိသည်။ ထိုမြို့နှင့် မနီးမဝေးတွင် ညို့ညီး မှိုဆိုင်းနေသော တောင်ကြီးတစ်တောင် ရှိ၏။ တောင်၏အမည်ကို အစွဲပြု၍ တောင်ခြေရှိ ရွာကြီးကို မိတ္တဂါမဟု ခေါ်တွင်၏။

ရွာကို အုပ်ချုပ်သူမှာလည်း ထိုတောင်ကိုပင် အကြောင်းပြုပြီး

mgyoe.com

mgyoe.com


"ဦးမိတ္တ" ဟု ခေါ်တွင်ကြ၏။ ဘိုးလည်း မိတ္တ၊ ဖအေလည်း မိတ္တဖြစ်သော မိတ္တမျိုးတွင် ဧဋ္ဌာရကျေးမင်းလက်ထက်၌ သားတစ်ယောက်ထွန်းကား၏။ သူလည်း မိတ္တပင် ဖြစ်ပေသည်။

မိတ္တကလေးသည် အလွန်ထွားကျိုင်းသန်မာ၏။ ခုနစ်နှစ်သားအရွယ်တွင် အရွယ်ကောင်း ဆင်ထီးကြီးများနှင့် တန်းတူ ခွန်အားဗလကြီးသည်။ သို့အတွက် ကြီးမားသော စိုင်ပြောင်တို့ကို ဂနိုင်ချောင်းတစ်ဝိုက် အပြေးလိုက်ကာ အမိဖမ်းပြီး ရှိအစွမ်း ဗျတ္တိဗလဖြင့် သတ္တိပြကာ ခြေဖျားနှင့် ခတ်လိုက်မှဖြင့် အရေအသား ပြတ်လို့ အရိုးအဆက်တို့ပါ ကျိုးညက်ကာ တစ်ပိုင်းစီ လွင့်ရသည့်အကြောင်းမှာ တိုင်းပြည်အတွင်း၌ ကျော်ကြားချေသည်။

မိခင်ဖြစ်သူက ဗလအားကိုးဖြင့် မရမ်းကားရန် တားမြစ်ဆုံးမသော်လည်း ရှေ့တွင်သာ ခေါင်းညိတ်ဝန်ခံပြီး ကွယ်ရာတွင် ဆိုးမြဲဆိုး၊ တေမြဲတေနေလေ၏။

အခြား သူငယ်များမှာ အလုပ်ကိုယ်စီ ရှိကြ၏။ မိတ္တမှာ အလုပ်မရှိ။ အလုပ်ရှိသော သူငယ်တွေ နွားကျောင်းရာသို့လိုက်သွားပြီး ရောနှောကစားသည်။ ထိုသို့နေရာမှ တစ်နေ့တွင် မိတ္တက စတင်ပြီး အကြံပြုသည်။

"တစ်နေ့လာလည်း ကျည်းသားရိုက်တမ်း၊ တစ်နေ့လာလည်း တိုင်ဦးတမ်း၊ တူပုန်းတမ်းနှင့် ကြာတော့ ကစားရတာ ပျင်းလာပြီကွာတို့"

မိတ္တ၏ သူငယ်ချင်းများအနက် ဗလက မိတ္တကို အထင်ကြီး၏။ သို့ရာတွင် စိတ္တမှာ အကြောင်းသိဖြစ်သဖြင့် အထင်မကြီး။ သူကပင် "ဒါဖြင့် ဘယ်လို ကစားချင်သတုန်း" ဟု ရေလာမြောင်းပေးလုပ်၏။

"လူကြီးတွေ ပြန်မတိုင်ကြေးကွာ၊ နွားတစ်ထောင် အမြီးက ဆွဲပြီး လွှင့်ပစ်တမ်းကစားရအောင်"

mgyoe.com

mgyoe.com



"လူနှင့် စကားနှင့် မတန်လိုက်လေကွာ"

ဗလက သရော် လှောင်ပြောင်သည်။

"ငါက ကြွားတာ မဟုတ်ဘူး၊ နွားတစ်ထောင်ကုန်အောင် မပစ်နိုင်ရင် ငါ့ကို ဓားနဲ့ခုတ်၊ အဲ... မင်းတို့ရှုံးရင်သာ လူကြီးတွေကို မတိုင်နဲ့"

"စိန်လိုက်ကွာ"

ဗလနှင့် အဖော်များသည် သူတို့၏နွားများကို တစ်ထောင်ပြည့်အောင် စုပေးသည်။

မိတ္တလည်း အပြောနှင့်ညီစွာ နွားတွေကို အမြီးမှ ဆွဲယမ်းပြီး ပင်လယ်ထဲသို့ လွှင့်ပစ်သည်။ ပစ်ရာတွင် တစ်ကောင်ချင်း မဟုတ်။ နှစ်ကောင်ချင်း မဟုတ်။ အမြီးမှဆွဲလျက် ဆယ်ကောင်တစ်တွဲ ဆယ့်ငါးကောင်တစ်တွဲ လွှင့်ပစ်ခြင်း ဖြစ်သည်။

ရှိရှိသမျှ နွားတွေကုန်သောအခါ နွားကျောင်းသားတွေမှာ အိမ်သို့ မပြန်ရဲတော့ပြီ။ တောထဲတွင် ပုန်းအောင်းနေကြရတော့သည်။

နွားကျောင်းသားတို့၏ မိဘများမှာ ကလေးတွေ အချိန်တန်ပါလျက် ပြန်မလာသောကြောင့် စုရုံးတိုင်ပင်ကာ လိုက်လံရှာဖွေကြသည်။

မီးရှူး မီးစည်းရောင် တထိန်ထိန်ဖြင့် တောနင်း ရှာဖွေသည်တွင် ချုံတစ်ခုထဲတွင် ဗလနှင့် သူ့အဖေ ပက်ပင်းတိုးသည်။

"ဟဲ့... လူလေး၊ မှောင်တာတောင် အိမ်မပြန်သေးတာ ဘာဖြစ်လို့တုန်း၊ နွားတွေကော၊ ဘယ်မှာတုန်း"

ဗလသည် အဖေ့ အမေးကို မဖြေသေးဘဲ အနားတွင် မိတ္တ ရှိ၊ မရှိ ကြည့်သေးသည်။

ထို့နောက် ဖအေ့နားနားသို့ ကပ်ပြီး တီးတိုးပြောသည်။

"တိုးတိုး ပြောပါ အဖေ၊ နွားတွေ မရှိတော့ဘူး"

mgyoe.com

mgyoe.com


"မရှိရအောင် ဘယ်ရောက်ကုန်လို့တုန်း"

"မိတ္တနှင့် လောင်းကြေးစားကြေးလုပ်ကြလို့၊ နွားတစ်ထောင်ကို အမြီးက ဆွဲဆွဲပြီး လွှင့်ပစ်လိုက်တာ သမုဒ္ဒရာထဲကျပြီး သေကုန်ပြီ။ အဲဒါ ဘယ်သူ့မှ မပြောပါနဲ့ အဖေ"

"ဟင်... နွားတွေကို မိတ္တက သတ်ပစ်တယ် ဟုတ်လား"

"သတ်ပစ်တာ မဟုတ်ပါဘူး အဖေ"

"ဘာဖြစ်လို့ သတ်တာ မဟုတ်ရမှာလဲ"

ဗလ၏အဖေသည် အော်ကြီးဟစ်ကျယ်ဖြင့် လိုက်လံသွေးထိုးသည်။ နွားဆုံးရှုံးသူများကို ဦးဆောင်လျက် မိတ္တအမေထံ လာကြသည်။

မိတ္တအမေမှာ မိန်းမရွာစား ဖြစ်သည်။ လက်ဖက်၊ ကွမ်း၊ ဆေးများ တည်ခင်းဧည့်ခံပြီးမှ လာရင်းအကြောင်းကို မေးသည်။

"ရွာစားမင်းရဲ့သား မောင်မိတ္တက ကျွန်တော်တို့ နွားတစ်ထောင်ကို သတ်ပစ်တဲ့အတွက် လျော်ကြေးတောင်းရအောင် လာတာပါ။ လျော်ကြေးမရရင်တော့ အားခွန်ဗလကြီးတိုင်း မတရားအနိုင်ကျင့်နေပါတယ်လို့ ဧဋ္ဌာရကျေးမင်းကို သွားတိုင်ရပါလိမ့်မယ်"

"အပြောအဆို ခက်ထန်လှချည်လား ပြာသာဒ် ဒါယကာရယ်၊ ကျွန်မသားဟာ မရမ်းကားတန်ရာပါဘူး၊ အကြောင်းရှိပါလိမ့်မယ်"

ရွာစားက တွေးတွေးဆဆ တုံ့ပြန်သည်။

"ဘာအကြောင်းမှ မရှိဘူး၊ တမင် မတရားလုပ်တာ"

"ကောင်းပါပြီ ရှင်၊ နွားတစ်ကောင်ကို နှစ်ဆယ်နှုန်းနှင့် လျော်ကြေးပေးပါ့မယ်၊ ကျေနပ်ပြီလား"

"နွားအညံ့တောင် တစ်ကောင် ခြောက်ဆယ်လောက် ပေးရတာကို တစ်ကောင် နှစ်ဆယ်လို့ဗျာ"

ဗလ အဖေသည် ဒေါသတကြီး ပြောရာက ကွမ်းတံတွေး ထွေးရန်

mgyoe.com

mgyoe.com



ကြမ်းပေါက်နှင့် မျက်နှာနှင့် အပ်လိုက်ရာတွင် အိမ်အောက်သို့ မိတ္တ ဝင်လာသည်ကို မြင်ရသဖြင့် ခေါင်းနားပန်း ကြီးသွားလေ၏။

ထို့ကြောင့် ချက်ချင်းပင် လေသံပြောင်းသွားတော့သည်။

"ရှာစားမင်းရယ်၊ ကလေးတွေ ဆော့ရင်း လှောင်ရင်းနှင့် နွားတွေ မတော်တဆ ပျောက်ကုန်တာဖြစ်မှာပါ။ တစ်ကောင်နှစ်ဆယ်လည်း မဆိုးပါဘူး"

အဖော်များမှာ ဗလအဖေ အပြောင်းအလဲမြန်သဖြင့် မယုံနိုင် အောင် ဖြစ်ကြရ၏။ ဇရပ်ဒါယကာက ခေါင်းချင်းကပ်လျက် တီးတိုး မေး၏။

"ကျောင်းဒါယကာ၊ အပြောင်းအလဲ မြန်လှချည်လား"

"အောက်မှာ ဟိုကောင်လေး ရောက်နေတယ်ဗျ၊ မတော်တဆ အိမ်ပေါ်တက် သတ်ရင် ဘယ့်နှယ်လုပ်မတုန်း"

"ဘယ်မှာတုန်း၊ ဘယ်သူတုန်း" မေးကာ ဇရပ်ဒါယကာသည် အိမ်အောက်သို့ လှမ်းကြည့်၏။ အိမ်အောက်တွင် မိတ္တ မရှိပါ။

"ဘယ်သူမှ မရှိပါကလား"

သို့အတွက် ကျောင်းဒါယကာသည် အိမ်အောက်သို့ ချောင်းကြည့် ပြန်၏။ မှန်သည်။ မိတ္တ မရှိ။ ချက်ချင်းပင် ကျောင်းဒါယကာ အသံ ပြောင်းလဲသွားပြန်ချေတော့သည်။

"ကလေးတွေပေမဲ့ ရှာစားမင်းရဲ့သားက ဆိုးသွမ်းရမ်းကား လွန်းသဗျာ၊ မတော်တဆဆိုရင်သာ နွားတစ်ကောင် နှစ်ဆယ်နဲ့ ကျေအေး ပေမဲ့ အခု အမှုမှာတော့ နှစ်ဆယ်နှင့် မအေးနိုင်ဘူးဗျ"

"ကျောင်းဒကာရယ်၊ စကား အသွားအလာက အပြောင်းအလဲ မြန်လှချည်လား။ အခု နှစ်ဆယ် မဟုတ်ဘူး၊ အခု နှစ်ဆယ်နှင့်"

ဗလ၏အဖေ မာရေကျောရေ ပြောနေပုံများကို မိတ္တ ကြားသည်။

mgyoe.com

mgyoe.com



မခံချင်စိတ်ပေါ်လာသည်။ အိမ်ပေါ်သို့ ပြေးတက်လာသည်။ ပရိသတ် ရုတ်ရုတ်သဲသဲဖြစ်တော့သည်။ ကြောက်အား လန့်အားဖြင့် ပြတင်းပေါက်မှ ပက်လက်လှန်ချသူ ချ၊ ခုန်ချသူ ချ ဖြစ်ကုန်၏။

"ဟဲ့... မိတ္တ၊ လာစမ်း၊ အခုရောက်နေတဲ့ ဘုရားဒကာ၊ ကျောင်းတကာ၊ ဇရပ်ဒကာ၊ ပြာသာဒ်ဒကာတို့ရဲ့ နွားတွေကို သတ်ပစ် တယ်ဆို"

"မဟုတ်ပါဘူး အမေရာ၊ ဗလတို့၊ စိတ္တတို့၊ သုခ၊ ဉာဏ၊ ကာက တို့က သူတို့ရဲ့နွားတစ်ထောင်ကို အမြီးကဆွဲပြီးကုန်အောင် လွှင့်ပစ်နိုင်ပစ်၊ မပစ်နိုင်ရင် ဓားနှင့် ခုတ်မယ်ဆိုလို့ ပစ်ရတာပါ အမေ"

"ကြားကြပါစ ဇရပ်ဒကာ၊ ကျောင်းဒကာတို့၊ ရှင်တို့သားတွေက သတ်မယ်ဆိုလို့ လွှင့်ပစ်ရတာပါတဲ့။ သတ်မယ် ခြိမ်းခြောက်မှုနှင့် နွားသေမှုမှာ ဘယ်သင်းက အပြစ်ကြီးသလဲ ရှင်"

အရေးဆိုမိသော နွားပိုင်ရှင်များမှာ အဖြေရခက်ကုန်၏။ သို့ရာတွင် ရွာစားသည် အပေါ်စီး ရစေကာမူ မဖိပေ။

"ဘာပဲဖြစ်ဖြစ် လျော်ကြေးလည်း ပေးပါ့မယ်၊ ကျွန်မ သားကိုလည်း အများရှေ့မှာ ဆုံးမပါမယ်။ အဲဒါကြောင့် ဟောသည် ဖောင်ကြိုးနှင့် (ထန်းဖူးစည်း) ချည်ပြီး ကျွန်မသားကို တိုင်မှာ တုပ်ပေးကြစမ်းပါ"

"မလုပ်ပါရစေနဲ့ ရွာစားမင်းရယ်၊ ကြောက်လွန်းလို့ပါ"

မိတ္တအား ဝါးဖောင်ကြိုးနဲ့ ချည်ရဲသူ မရှိချေ။

"ရှင်တို့ကို ဘာမှ မလုပ်စေရဘူး၊ ရဲရဲသာ ချည်ကြပါ"

"မချည်ရဲလို့ပါ ရွာစားမင်းရယ်"

"ခင်ဗျားတို့က ကျုပ်အမေ ရွာစားမင်းကိုတောင် အာခံကြတယ် ပေါ့လေ၊ ဟုတ်လား"

"မဟုတ်ရပါဘူး သူငယ်ရယ်၊ မောင့်ကို ရိုသေလို့ပါ"

မိတ္တကိုကား မထိမဲ့မြင် မပြုရဲကြချေ။

mgyoe.com

mgyoe.com



တုန်ယင်စွာဖြင့် တောင်းပန်ကြ၏။

"အမေ ခိုင်းတဲ့အတိုင်း ကျုပ်ကို ဝါးဖောင်ကြိုးနဲ့ တိုင်မှာ ကပ်ချည်ပါ။ အမေခိုင်းတာ မလုပ်ရင်တော့ ဘကြီးတို့ ဒုက္ခတွေ့မယ်"

မိတ္တ၏ ကြိုးဝါးစကားကိုကား ရွာသားတွေ ကျိုးနွံသည်။ ချက်ချင်း ကြိုးဖြင့် တုပ်ရတော့သည်။ ကြိုးဖြင့် တုပ်အပြီးတွင် ရွာစားက ကြိမ်ဖြင့် ရိုက်သည်။

"ဗလအားကိုးနှင့် လျှောက်လျှောက် မရမ်းကားနဲ့၊ ပြောတာ နားမထောင်နဲ့ဦးဟဲ့"

ဝါးဖောင်ကြိုးမှာ လျှော်ဖြင့် ကျစ်ထားသောကြိုး မဟုတ်။ ဝါးကို လိမ်ကျစ်ထားသောကြိုး ဖြစ်သည်။ ထိုကြိုးဖြင့် တအားချည် ထားရာ မိတ္တ၏အသားတွေမှာ မို့ဖောင်းစူထွက်နေ၏။ ထိုနေရာများကို ရိုက်ပါလျက် မိတ္တ မနာ။

"ကြိမ်နှင့် ရိုက်တာ ယားတယ် အမေရဲ့၊ တင်းပုတ်နှင့် ထုပါဗျ"

ထိုသို့ရှိနေစဉ်တွင် ဗလ၏အဖေက တစ်စခန်းထ၏။

"ရွာစားမင်း၊ နွားဖိုးလျော်မယ်ဆိုတာ လျော်ပါတော့ ခင်ဗျာ"

ထိုသို့ပြောခြင်းကို မိတ္တ မကျေနပ်ချေ။ နွားတစ်ထောင်ကို သူ တမင်သတ်သည် မဟုတ်။ အလောင်းအစားလုပ်ခြင်း ဖြစ်သည်။ သို့ရာတွင် သူ့အမေကို အေးဆေးစွာ တားဆီး၍ ရဖွယ်မရှိ။ အစွမ်းပြမှ ဖြစ်တော့မည်။

"ဘာဖြစ်လို့ ပေးရမှာတုန်း၊ နွားကျောင်းသားတွေက အလုပ်ခိုင်းလို့ လုပ်ရတာပဲ"

မိတ္တသည် ပြောပြောဆိုဆို ရုန်းကန်သည်။ ဝါးဖောင်ကြိုးမှာ ခိုင်ခံ့လွန်းသဖြင့် မပြတ်။ သို့ရာတွင် မိတ္တ၏ရုန်းကန်အားကြောင့် တစ်အိမ်လုံး သွက်သွက်ခါသည်။ အိမ်ပေါ်ရှိ ပစ္စည်းတွေ လွင့်စဉ်သည်။

mgyoe.com

mgyoe.com



တိုင်တွေ ကျွတ်၊ တံခါးတွေ ပြုတ်၊ လူတွေ စဉ်ထွက်ကုန်သည်။

ဗလ၏အဖေမှာ "ကြာရင် ငါပါ ကြားထဲက အဆစ်ပါသွားရချေရဲ့" ဆိုကာ ဆင်းပြေးလေတော့၏။ အချို့လူများမှာ မပြေးဘဲနှင့် အိမ်ပြင်သို့ စဉ်ထွက်၏။ ကျိုးသူကျိုး၊ ပဲ့သူပဲ့၊ ဒဏ်ရာဗရပွဖြင့် ထပြေးကြလေ၏။

မိတ္တတို့၏ အိမ်ကြီးမှာ အိမ်တွင်းမှ မိတ္တ၏ ရုန်းအားကြောင့် အိမ်တိုင်များ ကျွတ်ထွက်ကုန်သည်။ နွားဖိုးတောင်းသူတွေ ရှင်းသွားတော့မှ ငြိမ်သက်သွားသည်။ မိတ္တလည်း အိမ်ကို နေရာတကျဖြစ်အောင် ပြန်လုပ်ပေးသည်။

မိတ္တ၏ အမေ ရှာစားမှာ သူ့သားကို သည်အတိုင်း လွှတ်ထား၍ မဖြစ်တော့ဟု သဘောပေါက်သည်။ ထို့ကြောင့် ကြိုးဖြေပေးကာ ရေမိုးချိုး အဝတ်လဲလှယ်ပေးပြီး အနုရာဓမြို့ရှိ မောင်ငယ် စစ်သူကြီး မိတ္တထံ ခေါ်လာခဲ့၏။

*

(၂)

စစ်သူကြီး မိတ္တမှာ ဋ္ဌောရကျေးမင်း၏ အမှုထမ်းဖြစ်၏။ မိတ္တကလေးသည် မိခင် ပြန်သွားပြီးနောက် ဦးတော် စစ်သူကြီးနှင့် အတူ ဘုရင့် ရွှေနန်းတော်သို့ လိုက်ပါလာသည်။

နန်းတော်သို့ သွားရာလမ်းတစ်လျှောက်တွင် ကျေးကုလားတွေ ဖျက်ဆီးသဖြင့် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ သိမ်များ ပျက်စီးနေသည်ကို မိတ္တ မြင်ရ၏။ သို့အတွက် နန်းတော်တွင်းသို့ မလိုက်ဘဲ တံခါးဝတွင် ဆေးလိပ်သောက်ရင်း ကျန်ရစ်ခဲ့သည်။

သို့သော် နန်းတော်ထဲသို့ စစ်သူကြီး ဝင်သွားလျှင်သွားချင်း

mgyoe.com

mgyoe.com



မိတ္တသည် နောက်ကြောင်းသို့ ပြန်ပြေးလာသည်။

ကျေးမိစ္ဆာတွေ ဖျက်ဆီးနေသော ဘုရား ပရိဝုဏ်တွင်းသို့ ဝင်ရောက်ကြည့်ရှုသည်။

"ပြောတုန်းဆိုတုန်း တဖြုန်းဖြုန်းနှင့် ကြားရ၊ ဘုရားက အုတ်ပြို တာထင့်၊ ဟုတ်ပါရဲ့ ယုတ်မာတဲ့အရိုင်းတွေဟာ ဘုရား တံတိုင်း အစဉ် တက်ပြီး မနားမဆိုင်း အတွင်ဖျက်နေလိုက်ကြတာ အသွင် သဘက်လို အရုပ်ဆိုးတဲ့သတ္တဝါတွေ ပြင်တစ်ဖက် အုတ်ရိုးကွာအောင် အဟုတ် ထိုးခွာပြီး ဌာပနာဖောက်မယ်လို့ထင့်၊ လာပြန်ပြီ နှစ်ယောက်။

"သံတူးရှင်းကိုယ်စီ ကိုင်လို့၊ သမံတလင်းမှာ ထိုင်နေတာကလည်း နှစ်ရာလောက်ရှိလိမ့်၊ အသာလျှောက်ကြည့်စမ်းဦးမယ်။ ဟိုဘက်က ကျောင်းအနားမှာ၊ ခေါင်းတခြား တစ်ကွဲပြိုလဲတဲ့ ကျောက်ဆင်းတု၊ ဖောက်ထွင်း ယခုအကြောင်းမလျော် ခေါင်းတော်ကို ငရုတ်ဆုံထွင်းပြီး အုတ်ပုံအတွင်းက အများအမိုက်တွေဟာ၊ အားစိုက်ကာ မဆလာထောင်း နေလိုက်ကြတာ။

"နေနှင့်ဦးဟဲ့နော် မသာလောင်းတွေ၊ အသာစောင်းပြီး မြောက်နား ကြည့်လိုက်ပါ ကြောက်ပါးလိလိပြုလုပ်ပုံ၊ မှန်ရွှေစင် ရောင်ဝင်းတဲ့ အဆောင်တွင်းက ရုပ်တော်မှုကို ယူပြီးတော့ မှောက်လှဲဖောက်ခွဲ၍ ထင်းပြု သည်။ ဆင်းတုတော် ရိုက်ချိုး၊ အမိုက်မျိုး ကျေးသားယုတ်တွေ ဘုရား အုတ်ကို ဖိုခနောက် တည်နေကြ၊ အလို ကြည့်စမ်း၊ ဟို... အနောက်ဆီ၊ မြေညီပေါ်မှာ စေတီတော်ကို ဖျက်ချတုန်းပါကလား"

မိတ္တသည် တတွတ်တွတ် မြည်တမ်းလျက် လျှောက်သွားနေ သည်။ သာသနာဖျက် ကျေးသားတွေမှာ နေရာအနှံ့၊ မိမိမှာ တစ်ယောက် တည်း။ ဓား၊ လှံ လက်နက်လည်း မပါ။ မည်သို့လုပ်ရပါမည်နည်း။

စဉ်းစားကြံဆနေဆဲဝယ် အရုပ်အလွန်ရှည်သော ကျေးမိစ္ဆာ

mgyoe.com

mgyoe.com



တစ်ယောက်ကို မိတ္တ လှမ်းမြင်သည်။ အပြေးချဉ်းကပ်သည်။ ခြေနှစ်ချောင်းမှကိုင်လျက် မိမိခေါင်းပေါ်တွင် ဝှေ့ယမ်းသည်။ ကျေးမိဏ္ဍာများကြားသို့ ပြေးဝင်သည်။ ကျေးကိုကျေးဖြင့် ရိုက်သတ်ရာ ကြည့်မကောင်း၊ မြင်မကောင်း အလောင်းချင်း ထပ်နေလေတော့၏။

မိဏ္ဍာအလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်သူရှိမည်မဟုတ်။ မီးရှို့သင်္ဂြိုဟ်သူလည်း ရုတ်တရက် ပေါ်လာဖွယ်မရှိ။ မိတ္တကလည်း လုပ်လိမ့်မည်မဟုတ်။

သို့ဖြစ်လျှင် ထိုသူသေများကို အကြောင်းပြု၍ ဘီလူးတွေ၊ နာနာဘာဝတွေ ရောက်လာလိမ့်မည်။ ထို့နောက် လူအများတွင် ရောဂါဘယထူပြောလာလိမ့်မည်။

ထိုမျှမကသေးပေ။ ကျေးသားအလောင်းတွေ မြေပြင်ပြည့်အောင်ရှိနေသည်ကို ဧဋ္ဌာရကျေးမင်း မြင်တော်မူလျှင် အမျက်ပြင်းစွာ ထွက်မည်။ မဆိုင်သူတွေမှာ ရာဇဝတ်ထားခံရတော့မည်။

သို့အတွက် သိကြားမင်း ကူညီရသည်။ ကူညီရပုံမှာ မိုးကြီးသည်းထန်စွာ ရွာချပြီး ကျေးမိဏ္ဍာ အလောင်းများကို မျှောပစ်ခြင်းဖြစ်သည်။ ထိုသို့ ကူညီသော သိကြားမင်းကိုပင်လျှင် မိတ္တ မယုံကြည်၊ သတ်ဖြတ်မည်လုပ်သောကြောင့် သိကြားမင်း ထွက်ပြေးရလေ၏။

ဧဋ္ဌာရ ကျေးမင်းမှာမူ တရားရှိ၏။

သူ၏သားတော် အိမ်ရှေ့မင်း ရထားစီးလာရာတွင် နွားငယ်တစ်ကောင်ကို ရထားနင်းမိသဖြင့် နွားကလေး သေလေ၏။ မိခင်နွားမကြီး မကျေချမ်းနိုင်။ နန်းရှေ့ရှိ တရားခေါင်းလောင်းကြီးကို ခေါင်းဖြင့် ဝှေ့သည်။

ဧဋ္ဌာရ ကျေးမင်း သိသဖြင့် စစ်ဆေးတော်မူကာ သားတော်အိမ်ရှေ့မင်း ရထားနင်းခံစေ စီရင်တော်မူ၏။

mgyoe.com

mgyoe.com



သို့ရာတွင် သူ၏နောက်လိုက် ကျေးသားများကာ ရတနာ သုံးပါးအား ပြစ်မှားလျက် ရှိသည်။

သို့ဖြင့် နန်းတော်တွင်း၌ တဘောင် ပေါ်နေသည်။

"ကျေးသားကို နံ သတ်သည်၊ ဒိ သတ်သည်၊ မိတ် သတ်သည်၊ တသတ်ဖြတ်နေသည်"

ထိုစကားကို စစ်သူကြီး မိတ္တလည်း နန်းတွင်းမှ ကြားခဲ့သည်။

တူတော် နန္ဒိမိတ္တအတွက် စိုးရိမ်သည်။ နန်းတော်မှ အမြန်ထွက်၍ တံခါး၀၌ စောင့်ကျန်ရစ်ခဲ့သော တူကလေးကို အိမ်သို့ခေါ်လာသည်။

လွတ်ရာသို့ အမြန်ရှောင်တိမ်းရန် ပြောဆိုလွှတ်လိုက်ရတော့သည်။

နန္ဒိမိတ္တအတွက် ပြေးစရာမြေ မရှားပါးပါ။

မြစ်တစ်ဖက်တွင် ကာကဝဏ္ဏတိဿမင်း နန်းစံလျက်ရှိသည်။ ထိုမင်း၏သားတော် ဒုဋ္ဌဂါမဏိမင်းမှူ မလယအရပ်၌ ဗိုလ်ဝင်ခံနေသည်။ အခြားသားတော်တစ်ပါးဖြစ်သော တိဿမင်းလည်း ဒီဃ ဝါပိအရပ်၌ လူသူစုဆောင်းလျက် ရှိသည်။

*

## (၃)

နန္ဒိမိတ္တသည် ဒုဋ္ဌဂါမဏိမင်းထံ သွားရောက်အမှုထမ်းရန် ထွက်လာခဲ့စဉ် ထူးဆန်းသော ပန်းရန်သမား နှစ်ယောက်ကို မြင်ရသည်။ အုတ်ဆွဲတစ်ယောက်၊ အုတ်နင်းတစ်ယောက်မျှသာ။

သို့ရာတွင် ဖျတ်လတ်လျင်မြန်လွန်းသည့်အတွက် လူတစ်သောင်း အလုပ် လုပ်နေသည် ထင်ရ၏။

သူတို့နားသို့ မိတ္တ ရောက်လာ၏။ ပန်းရန်သမားတွေ အလုပ်နားနေသဖြင့် နှစ်ယောက်တည်းသာ မြင်ရသည်။

mgyoe.com

mgyoe.com


"ကျွန်တော် လှမ်းမြင်ရတာ လူတစ်သောင်းလောက်ပါ။ ကျွန်လူတွေ ဘယ်ရောက်ကုန်သတုန်း ခင်ဗျာ"

ထိုသို့ စုံစမ်းရာက ပန်းရန်သမား နှစ်ယောက်၏ အစွမ်းကို မိတ္တသိရသည်။ ဒုဋ္ဌဂါမဏိမင်းထံ သွားမည့်သူဟု သိသည့်အခါ ပန်းရန်သမားများသည် အလုပ်ကို ပစ်ထားခဲ့ပြီး မိတ္တနှင့် လိုက်လာကြလေ၏။

ပန်းရန်နှစ်ယောက်နှင့် မိတ္တတို့သည် မြစ်တစ်စင်းသို့ ရောက်လာကြသည်။ ကူးတို့လှေက ဆန်းသည်။ လှေသမားကလည်း ထူးသည်။

ဆန်းပုံမှာ လှေစီး ခရီးသည် တစ်ထောင်ပြည့်မှ တစ်ခေါက်ပို့သည်။ ပို့ပုံမှာ ထိုးဝါးဖြင့် ကန်လား ကျောက်လား၊ တက်ဖြင့် ခတ်လား လှော်လား မလုပ်ပေ။ လှေပဲ့ကို သည်ဘက်ကမ်းမှ တွန်း လွှတ်သည်။ ဟိုဘက်ကမ်းရှိ လှေသမားက ခတ်သူမပါသော လှေကို ဆီးကြိုဖမ်းယူသည်။ လူတစ်ထောင်တင်ပြီး တွန်းလွှတ်လိုက်ပြန်သည်။

မိတ္တနှင့် ပန်းရန်သမားများသည် လှေကို စိတ်မချသဖြင့် မလိုက်။

တစ်ဖက်ကမ်းမှ လှေပြန်ရောက်ချိန်တွင် သူတို့ချည်း ပို့ပေးပါ ပြောသည်။

လှေသမားက ငြင်းဆန်သည်။

"ခုန တစ်ခေါက်တုန်းက ခင်ဗျားတို့ မတက်လို့ ကျန်နေခဲ့တာပဲ"

"ကျွန်တော်တက်ရင် လှေနစ်မှာ စိုးလို့ပါဗျာ"

"အမယ်... ခင်ဗျားက ဘယ်လောက်လေးလို့တုန်း၊ ကိုင်း... လှေပေါ်တက်စမ်း"

လူတစ်ထောင်ဆံ့သော လှေကြီးမှာ မိတ္တ အားစိုက်တက်သည်ကို မခံနိုင်။ အိုးနစ်၊ ဒယ်နစ် နစ်သွားလေ၏။

"ခင်ဗျား ကျုပ်လှေကို ဘာပြုလို့ ဖောက်ပစ်တာတုန်း"

လှေသမားက အထင်မှားကာ စွပ်စွဲသည်။

mgyoe.com

mgyoe.com


"မဖောက်ရပါဘူးဗျာ၊ ခင်ဗျား လှေကို လွှန်းထိုး ရေထုတ်ပြီး စစ်ဆေးကြည့်ပါဗျာ"

သို့ရာတွင် လှေသမားသည် မြုပ်နေသောလှေကို လွှန်းထိုး ရေထုတ်ပြီး မဖော်ချေ။ ကလေးကစားစရာ လှေရုပ်ကလေးကို ကောက်ချီသလို မယူသည်။ ရေတွေ သွန်ထုတ်ကာ စစ်ဆေးကြည့်သည်။

"ဟုတ်သဗျို့၊ ဘာ... အပေါက်မှ မရှိဘူး၊ အကျိုးနည်းလှူပဲ"

လှေသမား တအံ့တသြ ချီးမွမ်းနေသဖြင့် ပန်းရန်သမားက ဝင်ပြော၏။

"ချီးမွမ်းမနေနဲ့ မိတ်ဆွေ၊ ကျုပ်တို့ရဲ့အုတ်တစ်သောင်းဖိုကို တွန်းဖြိုပစ်ပြီး ခြေထောက်နှင့် ခတ်ပစ်လို့ အုတ်မှုန့်ထောင်းပြီးသား ဖြစ်ကုန်ပါရောလားဗျာ"

မိမိအား လှေသမား အထင်ကြီးချိန်တွင် မိတ္တာသည် မိမိ မည်သူ ဖြစ်ကြောင်း ထုတ်ပြောသည်။ လှေသမားနှစ်ယောက်ကိုလည်း သူနှင့် အတူ ခေါ်ဆောင်ကာ ခရီးဆက်သည်။

ခရီးအတန်ရောက်ချိန်တွင် တောအုပ်တွင်းမှ ပြင်းထန်သော အသံကြီးထွက်ပေါ်လာသည်။ ပန်းရန်ဆရာက ခြသေ့်ဟောက်သံ ထင်သဖြင့် ပြေးလမ်းရှာသည်။ စင်စစ်မှာ ပန်းပဲထုနေသံ ဖြစ်လေသည်။

ပန်းပဲသမား၏တူမှာ ဘယ်တူခွက် အစိတ်၊ ညာတူခွက် သုံးဆယ်၊ ပေတုံးမှာ ခွက်ငါးဆယ် ရှိသည်။ သူ၏တူထုသံကို ရပ်ရွာက မခံရပ်နိုင်။

ထိုကြောင့် တောထဲလာပြီး ပန်းပဲလုပ်နေရခြင်း ဖြစ်ပေသည်။

ပန်းပဲသမားသည် ဧည့်သည်လာသဖြင့် တူကိုချပြီး ရပ်ကြည့်နေစဉ် မိတ္တာက မခံချင်အောင် စသည်။

"တောထဲလာပြီး ပန်းပဲလုပ်ရတယ်လို့၊ သေးနုပ်လိုက်တာဗျာ"

"အဖော်မပါဘဲ တစ်ယောက်တည်းလုပ်တဲ့ ဓားကြီး၊ ဓားငယ်၊

mgyoe.com

mgyoe.com


ပုဆိန်၊ တံစဉ်၊ ပဲခွပ်၊ အောက်ခွန်တွေဟာ သုံးရက်ကို လှည်းတစ်စီး တိုက်ထွက်တယ်ဗျို့"

"စွမ်းပါပေ့ ပန်းပဲဆရာရယ်"

"အဟုတ်ကောင်း သံပြင်း၊ မင်းကောင်းနှင့် သွင်းရရင် အပ်တစ်စင်း တောင် တစ်ရာပေးရဲ့။ သာအေးဆိုတဲ့ ပန်းပဲဆရာက ကျုပ်အပ်ကို ပေပေါ်တင်ပြီး လက်ညှိုးထောက်ရုံနှင့် သူ့ပေကြီး ပေါက်ထွက်၊ မြောက်ဘက်က သားရေထပ်ကြီး မြင်ရဲ့လား"

"သမင်၊ ဒရယ်၊ ဆတ်၊ စိုင် သားရေတွေ စုံလို့ပါလား"

"အဲဒါ ကျုပ်တူသံကြားလို့ နားပွင့်သေကြတဲ့ ချေ၊ သမင်၊ ပြောင်၊ ဆတ်တို့ရဲ့အရေပဲ။ ပေပေါ် တူချသံ အရပ်က နားမခံသာဘူး ပြောကြ၍ တောဖျားမှာ အလုပ်လုပ်နေရတာ မောင်ရေ့"

ပန်းပဲဆရာသည် သူ၏ ခွန်အားဗလ ကြီးမားမှုကို ဂုဏ်ယူ၏။ တူကြီးကို လက်ဖြင့် ဖျစ်ပြရာ မီးပန်း၊ မီးပွင့်များ ထွက်လာသည်။

"ခင်ဗျားတို့အထဲက ဘယ်သူများ လုပ်နိုင်သတုန်း"

ထိုအခါ ပန်းရန်သမားများ၊ လှေသမားများက ဖိုသမားနည်းတူပင် လုပ်ပြကြ၏။ သို့ပါလျက်နှင့် ဖိုသမား မလျှော့သေး။

"ခင်ဗျားတို့ လုပ်နိုင်ပေမဲ့ ဟိုကောင်လေးကတော့ တူကိုတောင် မနိုင်မှာ မဟုတ်ပါဘူး"

မိတ္တကို မေးငေါ့ပြပြီး သရော်သည့်ခဏဝယ် မိတ္တသည် သုံးဆယ် တူကြီးဖြင့် ပေပြင်ကို ထုလိုက်လေ၏။ မြေကြီး သွက်သွက်ခါလျက် လူတွေ လဲပြိုကုန်၏။ ပေတုံးကြီးမှာလည်း မြေကြီးထဲသို့ ကျွံဝင်သွားကာ ရေတွေ ပန်းထွက်လာတော့၏။

"အကျိုးနည်း အားကောင်းတဲ့ လူပဲ၊ သည်လိုသာ အားကောင်းရင် နန္ဒိမိတ္တကို သွားဖမ်းဖို့ ကောင်းသမောင့်"

mgyoe.com

mgyoe.com


"နန္ဒိမိတ္တဆိုတာ ကျွန်တော်ပဲ ဦးကြီးရ"

ဖိုသမားမှာ မျက်လုံးပြူးလျက် တုန်ယင်နေရာက ထိုင်ပြီး တောင်းပန်တော့သည်။

"မသိလို့ ပြောမိတာပါ မောင်ရာ၊ နို့... အခု ဘယ်ကို ဘာကိစ္စနှင့် သွားကြမလို့ပါလိမ့်"

"ကျေးမိစ္ဆာတွေကို သုတ်သင်ဖို့အတွက် ဒုဋ္ဌဂါမဏိမင်းကြီးထံ သွားပြီး အမှုတော်ထမ်းမလို့ပါ"

"ကျုပ်လည်း အဖော်မရှိလို့ အောင့်နေရတာ၊ အတော်ပဲဗျို့"

"သည်လိုဆိုလည်း ဦးကြီးရဲ့ ပန်းပဲဖိုကြီးနှင့် ကိရိယာတွေ သယ်ခဲ့ဗျာ"

"ဘာလုပ်ဖို့တုန်း မောင်ရ"

"လမ်းမှာ ခရီးစရိတ်ပြတ်ရင် ပန်းပဲ လုပ်ရအောင်လို့ပါ"

ပန်းရန်ဆရာသည် မြေကြီးထဲဆင်းပြီး ပေတုံးကြီးကို ဖော်ပေးသည်။ ဖိုသမားက ပေတုံးနှင့် တူများ၊ ညှပ်များအပြင် ဖိုကြီးကိုပါ သားရေအိတ်ထဲသို့ ထည့်သည်။ သည်မျှ များပြားသောပစ္စည်းတွေ ထည့်ထားပါလျက် အိတ်မှာ တစ်ဝက်မကျသေးပေ။

"ပေး... ပေး၊ ကျုပ် လွယ်ခဲ့မယ်"

လှေသမားတစ်ယောက်က သားရေအိတ်ကြီးကို လှမ်းယူသည်။

ဖိုသမားက "အပင်ပန်းခံလို့ ကိုရင်ရယ်" ဆိုကာ မိမိတို့ သွားမည့်ဘက်သို့ အိတ်ကြီးကို လှမ်းပစ်လိုက်သည်။ ကြီးမားသော သားရေအိတ်ကြီးသည် ဂဠုန်တစ်ကောင် ပျံဝဲသည့်အလား ပျံတက်သွားလေ၏။

နန္ဒိမိတ္တနှင့် ပန်းရန်သမားများ၊ လှေသမားများ၊ ဖိုသမားတို့ ခြောက်ယောက်သည် သားရေအိတ်ကြီး ပျံဝဲသွားသည့်ဘက်သို့ လိုက်လာခဲ့ကြလေ၏။

mgyoe.com

mgyoe.com


သူတို့သည် သားရေအိတ်ကြီးကို မတွေ့မိကြား၌ အထူးအဆန်း တစ်ခုကို မြင်ကြရ၏။

*

(၄)

ထိုအရာမှာ သစ်ပင်တွေ လေထဲသို့ ကျွမ်းထိုးမှောက်ခုံ ပျံတက်လာခြင်း ဖြစ်ပေတော့သည်။ အမှတ်မဲ့မှု တစ္ဆေခြောက်သည် ထင်ကြ၏။ အနားကပ်ပြီး ကြည့်သောအခါတွင် ယာသမားတစ်ယောက်ကို မြင်ရသည်။ သူသည် လူ့ကိုယ်လုံးလောက်ရှိသော သစ်ပင်များကို မြက်နုတ်သလို ဆွဲနုတ်ပြီး လွှင့်ပစ်နေခြင်း ဖြစ်ချေ၏။ ခွန်အားဗလကြီးမားသူမှန်း သိပါလျက်နှင့် မခံချင်အောင် မထီလေးစားလုပ်၏။

"ဗျို့... ဗျို့... ယာခင်း ဆရာကြီး၊ ဘယ့်နှယ် နေမကောင်းဘူး မှတ်တယ်။ ဒီသစ်ကလေးတွေ နုတ်နေတာ နေ့းကန်လှပါကလား။ ဒီအပင်ကလေးတွေလောက်တော့ လက်မောင်းနှင့် လျှောက်ယမ်းတောင် တဖြုန်းဖြုန်း ကျွတ်ထွက်လောက်ပါရဲ့။ ခုလို လုပ်နေလို့ ဘယ်တော့ ပြီးမှာတုန်း"

ယာသမားက မခံချင်စိတ်ဖြင့် လှည့်ကြည့်သည်။ "ကြားပြင်း သကွယ်၊ အားချင်း ငါနဲ့ပြိုင်၊ နိုင်မယ့်လူရှိရဲ့လား" ဟု မာနစကား ဆိုသည်။

"သည်လောက်တော့ အားကောင်းကြပါရဲ့၊ ကမ်းပါးစောင်းက သစ်ပင်အလေး အရေးမထားပါဘူး။ ကျုပ်တို့ဆီက ကလေးတွေ နုတ်ပစ်တာတောင် သည်အပင်တွေထက် ကြီးပါရဲ့"

ဒေါသဖြစ်အောင် ဝင်ဆွသူက ဖိုးသူကြီး။

"အလို... ကိုရင်က ဘယ့်နှယ်လာပြီး အတွင်မှောက်နေတာတုန်း။

mgyoe.com

mgyoe.com


သတ္တိရှိရင် တစ်ပင်လောက် နုတ်ပြစမ်းပါ၊ ကိုင်း”

“ခင်ဗျားက အင်း… အကြွားမှတ်နေသကိုး၊ အားသတ္တိ အစွမ်းပြရမှာပ၊ ဟောသည် ခင်တန်းက သစ်ပင် အမြစ်ပင် မကျန်ရအောင် အမြန်ထဆွဲကာ နုတ်လိုက်မယ်။ တဖြုတ်ဖြုတ် ပါရော့လဟယ်”

ဖိုသူကြီးက ပြောပြောဆိုဆို သစ်ပင်တွေ ဆွဲနုတ်ပြီး နောက်ပြန်လွှင့်ပစ်၏။ သစ်ပင်ပျံတွေ ဝဲကာ ဝဲကာ တက်သွား၏။

တောင်သူကြီး အံ့အားသင့်သော်လည်း မိတ္တကိုကား အထင်သေး၏။ မိတ္တကား လက်ဖြင့် ဆွဲမနုတ်၊ လက်မောင်းဖြင့် လျှော်ကာ ယမ်းသည်။ ခင်တန်းတစ်ခုလုံး ပြောင်တလင်း ခါသွားတော့မှ တောင်သူကြီး မာန်ကျသွားသည်တွင် အကျိုးအကြောင်း ရှင်းပြကာ သူတို့နှင့်အတူ ခေါ်လာခဲ့ကြလေ၏။

လူစွမ်းကောင်း ခုနစ်ယောက်တို့သည် ခရီးပြင်းနှင်လာကြသည်။

ခရီး အတော်တွင်ချိန်ဝယ် နေလည်း ပြင်းလာပြီ။ လူများလည်း ပင်ပန်းဆာလောင်ကြပြီ။

အခန့်သင့်ပင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကို တွေ့ရသဖြင့် ဖိုသူကြီးက ကျောင်းပေါ်သို့ တက်ရောက်သွားသည်။

ဘုန်းတော်ကြီးနှင့် သာမဏေ ကျောင်းသားတွေ ဆွမ်းခံကြွနေကြသည်။

ဘုန်းတော်ကြီးကျောင်းသည် ခရီးပင်ပန်းလာသူတို့ နားခိုရာအရပ်ဖြစ်သည်။ ဒုက္ခရောက်လာသူတွေ ခိုကိုးရာဖြစ်သည်။ ဆာလောင်မွတ်သိပ်သူတို့အား ဆီးကြိုကျွေးမွေးရာ နေရာလည်း ဖြစ်သည်။

သို့ရာတွင် ကျောင်းပေါ်တွင် ဘုန်းတော်ကြီး မရှိသောကြောင့် ဖိုသူကြီးမှာ လက်ချည်း ပြန်ဆင်းလာသည်။

“စားစရာ ဘာမှ မပါဘူးလားဗျာ၊ ဆာလှပြီ”

mgyoe.com

mgyoe.com


လေ့သူကြီးက ဆီးကြိုမေးသည်။

"ဒါလောက် ဆာလောင်ရင်လည်း အုန်းပင်တွေ ကျုပ် လှူပ်ပေးပါမယ်။ ကြွေလာတဲ့ အုန်းသီးပဲ ခွဲစားပေတော့"

"ဒါအတွက် မပူနှင့် ကိုရင်တို့၊ ကြွေလာသမျှ အုန်းသီးကို ထုခွဲဖို့အတွက် ကျုပ် တာဝန်ထား"

ဖိုသူကြီးက တာဝန်ယူသည်။

ထို့နောက်တွင် ဖိုသူကြီးက အုန်းပင်တွေကို လှူပ်ကိုင် တွန်းထိုးပစ်သည်။ အုန်းပင်တွေမှာ အုန်းသီးသာမက အုန်းခိုင်၊ အုန်းလက်တွေပါ ပြုတ်ကြွေကျလာလေတော့သည်။

လူစွမ်းကောင်း ခုနစ်ယောက်သည် ဖိုသူကြီး ခွဲပေးသော အုန်းသီးတွေကို တဝတပြဲစားသည်။ အုန်းလက်တွေခင်းပြီး လေးပေါင် လေးလက်ကားလျက် အိပ်စက်နေကြသည်။

ဘုန်းတော်ကြီးဘုရား ဆွမ်းခံကြွရာမှ ပြန်ကြွလာပြီ။ မုန်တိုင်းကြီး မွှေသကဲ့သို့ ပရမ်းပတာဖြစ်ကာ မြင်မကောင်း ရှုမကောင်း ဖြစ်နေသော အုန်းပင်များကို မြင်ရသည်။ ဟိုဟိုသည်သည် လှမ်းကြည့်သည်။ အိပ်မောကျနေသော လူစွမ်းကောင်း ခုနစ်ယောက်ကို တွေ့ရသည်။

"ဒါယကာတို့ ထကြစမ်း၊ ထကြစမ်း"

လူစွမ်းကောင်းတွေ လူးလဲထကာ ရိုသေစွာ ဦးတင်ကြ၏။

"မင်းတို့ဟာ ဆာမွတ်လို့ အုန်းသီး စားချင်လည်း ကောင်းမွန်စွာ ဆွတ်စားပါတော့လား၊ အခု အုန်းပင်တွေ ကျိုးပဲ့ပျက်စီးကုန်ပြီ"

"မှန်ပါ၊ ဖျက်ဆီးလိုတဲ့ စေတနာ လုံးဝ မပါပါဘူး ဘုရား၊ အသာကလေး တွန်းတာပါ ဘုရား"

တောင်သူကြီး၏ လျှောက်ထားစကား ဖြစ်သည်။

mgyoe.com

mgyoe.com



"အဲဒါကြောင့် မင်းတို့ကို ဒဏ်ထားရမယ်"

"ပေးတဲ့ အပြစ်ဒဏ် ခံရုံပဲ ရှိပါတော့တယ် ဘုရား"

"မင်းတို့က အားကြီးတဲ့လူတွေကိုးကွယ်၊ အများနည်းတူ ပေါင်းသင်မြက်နုတ် အလုပ်ခိုင်းဖို့ မတော်ဘူး။ လာကြ၊ နှစ်ယောက် တစ်တွဲထိုင်"

ဘုန်းတော်ကြီး၏အမိန့်အရ နှစ်ယောက်တစ်တွဲထိုင်ကြရသည်။

ပန်းရန်သမားနှစ်ယောက်က တစ်တွဲ၊ လှေသူကြီးနှစ်ယောက်က တစ်တွဲ၊ မိတ္တနှင့် တောင်သူကြီးက တစ်တွဲ ဖြစ်သည်။ ဖိုသူကြီးမှာ အတွဲမရှိ။

အားလုံး အသင့်ဖြစ်ချိန်တွင် ဘုန်းတော်ကြီး ခုန်သည်။

ပန်းရန်သမား နှစ်ယောက်၏ နားရွက်တစ်ဖက်စီသည် ဘုန်းတော်ကြီး၏ ခြေမနှစ်ဖက်ကြားတွင် ညှပ်လျက်ပါသွားသည်။

ဘုန်းတော်ကြီးသည် ကျောင်းပေါ်သို့ လူနှစ်ယောက်၏ နားရွက်ကို ခြေမဖြင့် ညှပ်ကာ ခုန်တက်ပြီးမှ ညှပ်လျက်ပင် ခုန်ဆင်းလာသည်။

ထို့နောက် လှေသူကြီးနှစ်ယောက် တန်းလန်းပါသွားသည်။ ထိုသူများ တလိမ့်ခေါက်ကွေးပြန်ကျလာလျှင် ဘုန်းတော်ကြီး၏ ခြေမကြား၌ မိတ္တနှင့် တောင်သူကြီးတို့ ပါသွားပြန်သည်။ ဖိုသူကြီးမှာကား နားရွက်နှစ်ဖက်ကို ခြေမနှစ်ခုဖြင့် အညှပ်ခံရသည်။

ဘုန်းတော်ကြီးသည် ဒါယကာ ငမိုက်သားတို့အား အားရအောင် ဒဏ်ထားပြီးမှ မေးမြန်းတော်မူသည်။

"မင်းတို့က ဘယ်ပြည်သားတွေတုန်းဟေ့"

"တပည့်တော်တို့ အခု လာကြတာ အနုရာဓကပါ ဘုရား"

မိတ္တက ဦးဆောင် ဖြေကြားသည်။

"အနုရာဓဆိုတော့ ဧဋ္ဌာရ ကျေးသားပြည်ပဲ၊ ဒါကြောင့် မင်းတို့

mgyoe.com

mgyoe.com


တစ်တွေ တရားမတည်တာပဲ။ နို့... အခု ဘယ်သွားမလို့ လာကြတာတုန်း"

"ဧဋ္ဌာရက တေဇကြွနေတော့ ပြည်ရွာ နဂရမှာ အခု ဘုရားဖျက်နေတယ် ဘုရာ့၊ အများအတွက် တအား နက်ချင်တာနှင့် ပတ္တမြားကနက် ဂါမဏိမင်းထံ စာအသိသွင်းပြီး အမှုထမ်းချင်လို့ အခုလှမ်းပြီး လာခဲ့ကြတာကလား ဘုရား"

ဘုန်းဘုရား ရွှင်လန်းအားရတော်မူ၏။ သို့စဉ်တွင် တောင်သူကြီးက "တပည့်တော်တို့နှင့်အတူ အရှင်ဘုရားပါ လူထွက်ပြီး လိုက်ခဲ့ပါ ဘုရား" ဟု လျှောက်ထားသည်။

"လိုက်မှာပေါ့ကွယ် လိုက်မှာပေါ့၊ ဒါထက် ကန်ဘေးကို ကြည့်ကြစမ်း"

ကန်ဘေးတွင် ကြီးမားသော ကျောက်ဖျာကြီး ရှိသည်။

"သင်္ကန်းဖွပ်ဖို့ ကန်ဘေးမှာ ထားတာ၊ အလျား ငါးတောင်၊ အနံလေးတောင်၊ ထုတစ်တောင် ရှိသကွယ့်။ သည်ကျောက်ဖျာကို ထမ်းခဲ့တဲ့ ငါ့တပည့် သူတော်ကိုလည်း အတူခေါ်ရမကွယ့်"

"ကောင်းတယ် ဘုရား၊ သိပ်ကောင်း"

"ဒါတင် မကသေးဘူး ဒကာတို့ရဲ့၊ ကျောင်းနောက်က တောင်ကြားထဲမှာ ညညကျရင် ဆင်တွေ လာလာပြီး ဆူလွန်းလို့ အိပ်ရေးပျက်တာပေါ့။ အဲဒီတွင် ကိုရင်နှစ်ပါး သွားထည့်ပြီး ဆင်ကို ဆင်နှင့်ပေါက်တာ ဆင်တွေ မေ့ကုန်ပါရောလား"

"တယ်လည်း အားကောင်းပါကလား ဘုရား"

"အဲဒီ ကိုရင်နှစ်ပါးလည်း ခေါ်ခဲ့ချင်သကွယ်"

"အလွန်ကောင်းပါတယ်၊ ခေါ်ခဲ့ပါ ဘုရား"

လူစွမ်းကောင်းများက ဝမ်းသာအယ်လဲ ထောက်ခံကြသည်။

"အေး... ဒါဖြင့် တို့လည်း အခု လိုက်မယ်ကွာ၊ သာသနာ အမှု

mgyoe.com

mgyoe.com


ဆိုက်နေမင့် ဒါယကာကလည်း ဂရုစိုက်ရမှာပေါ့။ ဂရုမစိုက်ရင် ကျေး အများ အရာကျယ်ပြီး ဘုရား သာသနာ ကွယ်လိမ့်မယ်။ ဘုရားသာသနာ မကွယ်အောင် တရားမိုက်ကျေး အများတိုက်ဖို့ ဂါမဏိမင်းထံသို့ စာအသိ သွင်းပြီး အမှုတော် ထမ်းကြစို့ရဲ့"

"အမှုတော် ထမ်းကြစို့"

"ယခု ပျော်ပျော်မှန်း၍ ကြင့်နှန်းအပါး ကပ်မိပေါ့၊ ကိုင်း နန်းတံခါး အမြန်ဖွင့်လိုက်ပါဦး အသုံးတော်ခံ"

[ဦးဖူးခေါင်၏ "ဒုဋ္ဌဂါမဏိ ကွက်စိပ်" သူရဲခန်းမှ ထုတ်နုတ် ဖော်ပြခြင်း ဖြစ်ပါသည်]

❐

mgyoe.com

mgyoe.com





mgyoe.com